# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရားရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရား ဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရား ဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံ ရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၈)



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

နေပြည်တော် မတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်း တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ❐



တောင်ငူမြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူတစ်ဦးအား တပ်မတော်သား ဆရာဝန်က ဆေးကုသပေးစဉ်။

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၆

**ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID – 19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။**



ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၉၀ ကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ယနေ့ မာတိကာ**


ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ — စာ » ၉

ဘယ်သူဖျက်ဖျက် နိုင်ငံတော်ပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေကြပါသည် — ဆောင်းပါး — စာ » ၁၀

ပုပ်ရဟန်းမင်းကြီး အီရတ်သို့ ပထမဆုံးအကြိမ် သွားရောက် — နိုင်ငံတကာသတင်း — စာ » ၁၂

**မြန်မာ့အလင်း**

# တာဝန်ကျေပွန် နိုင်ငံ့ဝန်ထမ်း

နိုင်ငံ့ဝန်ထမ်းဟူသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ခေတ်စနစ်နှင့်လျော်ညီစွာ အကောင်အထည်ဖော်ကြရသူများဖြစ်သည်။ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများအလိုက် ကဏ္ဍအသီးသီးတွင် ဝန်ထမ်းအဖွဲ့အစည်းများကို ဖွဲ့စည်းထားပြီး ဖွဲ့စည်းပုံအရ ရာထူးတာဝန်အဆင့်ဆင့်၌ ဝန်ထမ်းများကို အရည်အချင်းသတ်မှတ် စိစစ်ရွေးချယ်ခန့်ထားခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဟူ၍ ဖြစ်လာသည်နှင့် တာဝန်၊ ကျင့်ဝတ် စည်းကမ်းတို့ကိုပါ တစ်ပါတည်း ခံယူကြရသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်က ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေအခန်း(၁၀) စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာခြင်း၊ ပုဒ်မ ၃၇ အရ "ဝန်ထမ်းသည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်။"ဆိုသော ပြဋ္ဌာန်းချက်ကိုလည်း လိုက်နာကြရသည်။

ဝန်ထမ်းတိုင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြည်သူကို ရိုသေလေးစားခြင်း ဆိုသည့်အချက်များကို လိုက်နာကြရန် တာဝန်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တွင် မည်သည့်အစိုးရက မည်သည့်မူဝါဒဖြင့် အုပ်ချုပ်စီမံသည်ဖြစ်စေ မိမိတို့၏ တာဝန်မှာ လိုက်ပါအကောင်အထည်ဖော်ပေးရခြင်းပင်ဖြစ်သည်။ ယခုအခါ နိုင်ငံ့ဝန်ထမ်းအချို့သည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုဖြစ်စဉ်မှ စတင်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့နိုင်ငံရေးအပေါ် ပြင်ပမှ သွေးထိုးလှုံ့ဆော်မှုများနောက် လိုက်ပါကာ CDM ခေါ် ဥပဒေနှင့်မညီသည့် လှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် မိမိတို့၏ တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နေသူ နိုင်ငံ့ဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်လျက်ရှိကြသည်။

CDM ပြုလုပ်ခြင်းမှာ နိုင်ငံတော်ယန္တရား ရပ်တန့်သွားစေရန် ရည်ရွယ်သည်ဟု ဆိုသော်လည်း နိုင်ငံတော်ယန္တရားဟူသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် လည်ပတ်နေရခြင်းဖြစ်သည်။ အချို့ဝန်ထမ်းအဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို ပစ်ခွာသွားမှုသည် ပြည်သူကို တိုက်ရိုက်မထိခိုက်ဘဲ သွယ်ဝိုက်၍ ထိခိုက်စေပြီး အချို့မှာ တိုက်ရိုက်ထိခိုက်စေသည်။ ပြည်သူကိုသာ အကြီးအကျယ် ထိခိုက်နစ်နာစေပြီး ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်မှာမူ ပေါက်မြောက်အောင်မြင်မှုမရှိ။ ထို့အပြင် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ချိုးဖောက်ကျူးလွန်မှုကြောင့် ဖြစ်ပေါ်လာမည့် အရေးယူမှုများကိုလည်း ရင်ဆိုင်ကြရမည်ဖြစ်ရာ နိုင်ငံအတွက်၊ ပြည်သူအတွက်၊ ဌာနအတွက်၊ မိမိအတွက် ကောင်းကျိုးရလဒ် ဘာတစ်ခုမျှမရနိုင်။ အနှောင့်အယှက်၊ အဟန့်အတား၊ အခက်အခဲများကြားမှ မိမိတို့ထမ်းဆောင်ရမည့် တာဝန်များကို နိုင်ငံရေး အသွေးအရောင်မရှိ ကျေပွန်စွာ ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်သိပြည်သူတိုင်းက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရပါမည်ဟု နှိုးဆော်တိုက်တွန်း အပ်ပါကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲဝင်စွမ်းအားရှိသော ကျစ်လျစ်ခိုင်မာ တောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံများကို (၂၆-၂-၂၀၂၁) ရက် သောကြာနေ့မှ (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့အထိ နေ့စဉ်နံနက် (၉:၀၀) နာရီမှ မွန်းလွဲ (၁၆:၀၀)နာရီအတွင်း (ပိတ်ရက်မရှိ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး (၃-၃-၂၀၂၁) ရက် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီ အချိန်အတွင်း အဆိုပြုလွှာပုံစံများကို နောက်ဆုံးထား ပြန်လည်တင်သွင်းရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ထားပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ လျှောက်ထားလိုသူ ကိုယ်စားလှယ်လောင်းများ ပိုမိုအဆင်ပြေစေရေးအတွက် ယင်းအဆိုပြုလွှာပုံစံများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည့် နေ့ရက်ကို (၂၇-၃-၂၀၂၁) ရက် (စနေနေ့) မွန်းလွဲ (၁၆:၀၀) နာရီ မတိုင်မီအချိန်အထိ တင်သွင်းနိုင်ရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၈၆၀၄၇၅၁ နှင့် ၀၁-၅၄၄၅၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့
အမှတ်(၄)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

## သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်

ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက် ပိုမိုတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေမည့် ကိစ္စရပ်များအား လူမှုကွန်ရက် စာမျက်နှာများတွင် ဖော်ပြခြင်းများမရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒီမိုကရေစီသည် ဥပဒေနှင့်ညီညွတ်မှသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထုတ်ချေးထားသည့် ၂ လစာ ချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ကာလတစ်ခုအထိ ဆိုင်းငံ့ပေးထားမည်ဖြစ်ကြောင်း။

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး(၂/၂၀၂၁) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြု

**နေပြည်တော် မတ် ၆**



ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးမြို့ Mandalay Swan Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဟိုတယ် နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေး ဇုန်)၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေး ဇုန်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)နှင့် မြန်မာနိုင်ငံ အမှတ်တရပစ္စည်း အရောင်းဆိုင်များအသင်း (မန္တလေးဇုန်) တို့မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

### များစွာအထောက်အကူပြု

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဟိုတယ်များ တစ်ပြေးညီ ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားကဏ္ဍနှင့် ဆက်စပ်သည့်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးစဉ်ကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းခရီးသွားမြှင့်တင်ရာတွင် ခရီးသွားများသာမက ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေသည့် ဝန်ထမ်းများအနေဖြင့်လည်း ကိုဗစ် – ၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် UNWTO/WTTC စသည့် နိုင်ငံတကာ ခရီးသွားအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ပေါင်းစပ်ပြီး Enchanting Myanmar Health and Safety Protocols ကို ရေးဆွဲထုတ်ပြန်ထားရှိပြီးဖြစ်သဖြင့် ယင်းအစီအစဉ်အရ ဟိုတယ်များရှိ ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ Certificate များ ထုတ်ပေးခြင်း၊ ဟိုတယ်များအား ကိုဗစ်–၁၉ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေးပြီးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ခရီးသွားလုပ်ငန်း အရင်းအမြစ်များ များစွာကြွယ်ဝသဖြင့် ခရီးသွားကဏ္ဍသစ်များ ဖော်ဆောင်ခြင်းအပါအဝင် ဈေးကွက်မြှင့်တင်ရေး၊ ဝန်ဆောင်မှုများ တိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ပြီး ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism – CBT) ကိုလည်း ဆက်လက်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ တက်ရောက်လာသည့် အသင်းအဖွဲ့ဥက္ကဋ္ဌများကလည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဖွင့်လှစ်ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်လုပ်ငန်းလိုအပ်ချက်များနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်မှု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသည့် အသင်းဥက္ကဋ္ဌများက ဟိုတယ်များ ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမြန်ပြန်လည်ဖွင့်လှစ်လိုသည့်အခြေအနေ၊ ခရီးသည်တင် Express ကားများဖြင့် သွားလာမည့်ခရီးသွားပြည်သူများအတွက် ကိုဗစ်–၁၉ စစ်ဆေးပေးနိုင်ရေး၊ ကိုဗစ်–၁၉ စစ်ဆေးသည့် Test Kit နှုန်းထား လျှော့ပေါ့ပေးနိုင်ရေး၊ နိုင်ငံတော်မှ အခွန်အခနှုန်းထားများ လျှော့ပေါ့ပေးရေး၊ စားသောက်ဆိုင်များ ချေးငွေရရှိရေး ပံ့ပိုးပေးနိုင်မှုတို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် တွေ့ဆုံပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဟိုတယ်လုပ်ငန်းလိုင်စင်များ အမြန်စိစစ်ခွင့်ပြုပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

### အလှူငွေများ ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ Hotel Shwe Pyi Thar ကို ကိုဗစ်–၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကြန့်ကြာနေသော လုပ်ငန်းများအမြန်ဆုံးပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကြန့်ကြာနေသောလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်နိုင်က ပြည်သူ့အိမ်ရာ၊ ပြည်သူ့အငှားအိမ်ရာ၊ အဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းဗီလာ၏ စီးပွားရေးနှင့်ဘက်စုံဖွံ့ဖြိုးရေး၊ ဒဂုံမြို့သစ် စိုက်ပျိုးရေးစီမံကိန်းနေရာတွင် ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုအိမ်ရာ၊ Eco Green City Project ၊ Yangon Amata Smart Eco City ၊ နိုင်ငံတကာအဆင့် စက်မှုဇုန်စီမံကိန်းဖော်ဆောင်ရေးလုပ်ငန်းများအပါအဝင် ဌာနကဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်က ပြည်ထောင်စုရင်းနှီးမြှုပ်နှံမှုဖြင့် ကိုရီးယားနိုင်ငံနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သော လှည်းကူးစက်မှုဥယျာဉ်စီမံကိန်း၊ ထန်းတပင် စက်မှုဥယျာဉ်စီမံကိန်းနှင့် ရန်ကုန်မြို့နေ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**ပူးပေါင်းဆောင်ရွက်ရန်လို**

တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းများ ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဌာနသို့ သဘောထားမှတ်ချက်တင်ပြတောင်းခံထားသည့်လုပ်ငန်းများ ၊ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက်ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသောလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာရေး ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် တိုင်းဒေသကြီးအတွင်း စီးပွားရေးဖြစ်ပေါ်ပြောင်းလဲမှုကို သက်ရောက်မှုရှိသည့် ကော်မတီဖြစ်သည့်အလျောက်ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းညှိနှိုင်းကူညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အသီးသီးတွင် စက်ရုံ၊ အလုပ်ရုံများပုံမှန်ဖွင့်လှစ်လည်ပတ်စေရန်နှင့်ရင်းနှီးမြှုပ်နှံထားပြီး လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်လုပ်ငန်းများ အမြန်ဆုံးလည်ပတ်စေရန် ညှိနှိုင်းပေါင်းစပ်ပေးရမည့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (IPRD)**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မတ် ၆**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ပြုလုပ်ရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။**(ယာပုံ)**



**ထိရောက်စွာဆောင်ရွက်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှာကြားချက်များ၊ မူဝါဒများကို ရှင်းလင်းပြောကြားပြီး ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ယခုလိုအပြောင်းအလဲကာလတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အဆင့်ဆင့်စီမံခန့်ခွဲအုပ်ချုပ်ရသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံခန့်ခွဲသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ခန့်ထားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များအပေါ် မြန်မြန်ဆန်ဆန်ဖြင့် ထိရောက်စွာ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကိုလည်း နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ခရိုင်၊ မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးကို တာဝန်ယူဆောင်ရွက်ရသကဲ့သို့ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကိုလည်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ညွှန်ကြားချက်များအတိုင်း ကုန်သည်လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ပေါင်းစပ်ပြီး ဥပဒေနှင့်အညီ လက်တွဲဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ခရိုင်နှင့် မြို့နယ်များအလိုက် ဆန္ဒဖော်ထုတ်နေမှုအခြေအနေအပေါ် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ မြို့နယ်အလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုအခြေအနေများနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ IDPs စခန်းအခြေအနေနှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး စီမံဆောင်ရွက်သွားမည့် အစီအမံများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားနိုင်မှုအခြေအနေတို့နှင့်ပတ်သက်ပြီး အသီးသီးတင်ပြခဲ့ကြရာ တင်ပြချက်များအပေါ် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တင်ပြညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ခရိုင်နှင့်မြို့နယ်များအလိုက် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များအပေါ် ညွှန်ကြားချက်နှင့်အညီ ခွဲဝေဆောင်ရွက်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များကို ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး အဆင့်အထိ ဖွဲ့စည်းဆောင်ရွက်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တောင်ပေါ်၊ မြေပြန့်တစ်ပြေးညီ အားလုံးလွှမ်းခြုံ ထိုးနှံနိုင်ရေး၊ မြို့နယ်အလိုက် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးလုပ်ငန်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဥပဒေအညီ ဆောင်ရွက်စေရေး၊ မြို့နယ်အလိုက် ဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးတို့နှင့် နေရပ်စွန့်ခွာပြည်သူများ ၎င်းတို့၏နေရပ်ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ကြရေးတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# ဇလွန်မြို့နယ် ကြေးတိုင်အင်းအတွင်း တိုင်းရင်းငါးမျိုးများစိုက်ထည့်

**ဇလွန် မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ဟင်္သာတခရိုင် ဇလွန်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်စီစဉ်မှုဖြင့် မတ် ၃ ရက်က ဇလွန်မြို့နယ် ရေလဲကျေးရွာအတွင်းရှိ ကြေးတိုင်အင်းဖြစ်သော တပုလဲအင်းအတွင်းသို့ အင်းသားကြီးက ယခင်နှစ်ထက် ပိုသော ငါးရံ့၊ ငါးခူ ငါးကျည်း၊ ငါးပနော် ဒေသအခေါ် ဗီလား၊ ငါးရံ့အောက်၊ ငါးရံ့ဒိုင်း၊ ငါးပြေမ စသည့်တိုင်းရင်းငါးပိဿာချိန် ၃၀၀ကျော်အား ငါးမျိုးချန်လုပ်စနစ်ဖြင့် ငါးမျိုးစိုက်ထည့်ခဲ့သည်။ အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းဖြင့် နောက်နှစ်ကြေးတိုင်ကာလတွင် ငါးမျိုးများ ပိုမိုတိုးပွားလာပြီး ဒေသတွင်းစားသုံးမှုဖူလုံ၍ ပိုလျှံသည်များအား နိုင်ငံခြားဈေးကွက်သို့ ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေ ရှာဖွေဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမင်းဇော်ထံမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့်**
**CRPH နှင့် CRPH ကဖွဲ့စည်းသည့်**
**အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**
**(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း မရှိသေးသည့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင် ရပ်တည်ပိုင်ခွင့်မရှိသေးသူများက "ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ" (CRPH)အမည်ဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် ကြီးလေးသည့်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သဖြင့် ယင်းတရားမဝင် ကော်မတီတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ထိုသို့ဆောင်ရွက်ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ CRPH က အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း စသည့် ဥပဒေနှင့် ဆန့်ကျင်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို လုပ်ဆောင်လာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့သော လုပ်ဆောင်မှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည့် အပြင် ရာဇသတ်ကြီးပုဒ်မ ၁၂၂ အရ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်ပြီး သေဒဏ်ဖြစ်စေ၊ နှစ်ဆယ်နှစ်ကာလအထိ ထောင်ဒဏ်ဖြစ်စေချမှတ်နိုင်သည့် ပြစ်မှုဖြစ်ပါသည်။ ထို့အပြင် CRPH နှင့် CRPH က ဖွဲ့စည်းသည့်အဖွဲ့အစည်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း CRPH ကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပျက်ကွက်အောင် ဆွဲဆောင်စည်းရုံးသူများ၊ လှုံ့ဆော်သူများ၊ ခြိမ်းခြောက်သူများသည် ရာဇသတ်ကြီးပုဒ်မ ၁၂၄- ဃ အရ အစိုးရအမှုထမ်းများအား ဟန့်တားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို ကျူးလွန်ရာရောက်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုဖြစ်ပါသည်။

၃။ သို့ပါ၍ နိုင်ငံတော်တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်သူများ၊ CRPH နှင့် CRPH က ဖွဲ့စည်းသည့် အဖွဲ့အစည်းများကို အားပေးကူညီသူများအား ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသည့် CRPH နှင့် CRPH ကဖွဲ့စည်းသည့် အဖွဲ့အစည်းများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ထပ်မံအသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



# နေပြည်တော်တိုင်းစစ်ဌာနချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသို့ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံသူ နိုင်ငံသားများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးတာဝန်များအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ်က အခြေခံစားသောက်ကုန်ငါးမျိုးအား ယနေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်းတွင် ထောက်ပံ့ပေးအပ်သည်။ (ဓါတ်ပုံ)

နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးဗိုလ်မှူးကြီး ထွန်းမင်းသိမ်းက ဇမ္ဗူသီရိမြို့နယ်အတွင်း လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအတွက် အခြေခံစားသောက်ကုန် ငါးမျိုးအား ထောက်ပံ့ပေးအပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နိုင်နှင့် အမှတ်(၁) မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဌေးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် ၁၈၈ ဦးအတွက် ဆန် ၆၄ အိတ်၊ ဆီ ၁၁၂ ဒသမ ၈၀ ပိဿာ၊ပဲ ၁၆၉ ဒသမ ၂၀ ပိဿာ၊ ဆား ၉၈ ဒသမ ၇၀ ပိဿာ၊ ကြက်ဥ အလုံး ၁၈၈၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

# အမုန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ ပြည်သူတွေ ကွဲပြားကြဖို့ လိုပါပြီ

ကနောင်

*ယမန်နေ့မှအဆက်*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းတစ်ရပ်မှာ တာဝန်ယူချိန်ကနေစတင်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပြောင်းလဲသွားဖို့ မရှိကြောင်းနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားထားခဲ့ပြီး ဖြစ်ပါတယ်။

အရေးပေါ်အခြေအနေတစ်ရပ်မှာ ပြည်သူတွေရဲ့ အဓိကလိုအပ်ချက်က စားဝတ်နေရေးနဲ့ တည်ငြိမ်အေးချမ်းရေး ဖြစ်ပါတယ်။ တည်တည်ငြိမ်ငြိမ်နဲ့ တိုင်းပြည်တိုးတက်ရေးကို ရှေးရှုလို့ စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို အမြန်ဆုံးပြန်လည်ကျင်းပနိုင်ဖို့ အားလုံးက တက်ညီလက်ညီ ရှေ့ဆက်ကြရမယ့်အချိန် ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေဟာ တည်ဆဲအစိုးရရဲ့ ဩဇာခံရမှာ ဖြစ်ပါတယ်။ အုပ်ချုပ်တဲ့ အစိုးရကို မကြိုက်တိုင်း၊ လက်မခံတိုင်းသာ နိုင်ငံ့တာဝန်တွေကို မလုပ်ဆောင်ဘဲ ကြိုက်တဲ့အစိုးရကို စောင့်ဆိုင်းမယ်ဆိုရင်တော့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ သစ္စာစောင့်သိသူများ မဟုတ်ဘဲ တစ်ဦး၊ တစ်ပါတီကို ချစ်မြတ်နိုးတဲ့၊ ပါတီစွဲမကင်းတဲ့ နိုင်ငံ့ဝန်ထမ်းကောင်း မပီသသူများ ဖြစ်မှန်းမသိ ဖြစ်သွားနိုင်ပါတယ်။ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက CDM ထပ်တလဲလဲ လုပ်ကြမယ်ဆိုရင် တိုင်းပြည်ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ။ အဲဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာ ဥပဒေတွေ၊ ကျင့်ဝတ်၊ စည်းကမ်းတွေကို နိုင်ငံတိုင်းမှာ ပြဋ္ဌာန်းထားရှိရတာ ဖြစ်ပါတယ်။

> **“မြတ်ဗုဒ္ဓကတော့ လူမိုက်လက္ခဏာလေးပါးကို ဟောကြားတော်မူထားခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ လူမိုက်တို့သည် နည်းလမ်းအမှားတွေကို လုပ်ဆောင်ပါတယ်။ သူတစ်ပါးကိုလည်း နည်းလမ်းအမှားတွေကို လုပ်ဖို့တွန်းအားပေးပါတယ်။ မှားယွင်းနေတဲ့ နည်းလမ်းတွေကိုလည်း ကာကွယ်ပေးတတ်ပါတယ်။ မှားယွင်းနေတဲ့ နည်းလမ်းတွေအပေါ် ဝေဖန်သုံးသပ်သူတွေကိုလည်း လက်မခံတတ်ဘူးဆိုပြီး ဟောကြားခဲ့ပါတယ်”**

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ဒေါက်တာဇော်ဝေစိုးရဲ့ သတင်းစကားတစ်ခုဆိုပြီး လူမှုကွန်ရက်မှာ ပျံ့နှံ့နေတာ မြင်တွေ့ရပါတယ်။ ဝန်ထမ်းအားလုံး CDM မှာ မဖြစ်မနေ ပါဝင်ကြရမယ်ဆိုပြီး ပြောထားတာပါ။ ဒါဆိုရင် နိုင်ငံခြားမှာ နေထိုင်အလုပ်လုပ်ကိုင်နေသူတွေ CDM လုပ်ဖို့ မြန်မာနိုင်ငံကို ပြန်လာခဲ့ကြပါသလား။ ဟိုက အလုပ်အကိုင်တွေကို စွန့်ခဲ့ကြပါသလား။ ဒီလိုပဲ ကုမ္ပဏီဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူမှုနယ်ပယ်အသီးသီးမှာ လုပ်ကိုင်ကြသူတွေ CDM မှာ အကုန်ပါဝင်ကြပြီလားဆိုပြီး မေးခွန်းတွေ ထုတ်လိုပါတယ်။ ဒါကြောင့် CDM ကို နိုင်ငံ့ဝန်ထမ်းတွေ မလုပ်မဖြစ် လုပ်အောင် တွန်းအားပေးကြသူတွေ အားလုံးကရော CDM မှာ ဘယ်လောက်ပါဝင်ကြသလဲ မေးခွန်းထုတ် လိုပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေကို သီးသန့်ပစ်မှတ်ထားပြီး ဘဝပျက်အောင် ဖိအားပေး အရင်းပြုနေတယ်လို့ပဲ ယူဆမိပါတယ်။

## လူမိုက်လက္ခဏာလေးပါး

တကယ်တမ်း CDM ကြောင့်သာ အောင်မြင်ခဲ့မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အကျိုးစီးပွားနဲ့ နောက်ကွယ်ကနေ မြှောက်ပင့်ပေးနေတဲ့သူတွေရဲ့ အကျိုးစီးပွား ဘယ်သူက ပိုသာနိုင်မလဲဆိုတာ နိုင်ငံ့ဝန်ထမ်းတွေ စဉ်းစားဆင်ခြင်စေလိုပါတယ်။ မိမိတို့ဘဝပျက်ခံပြီး တွန်းတင်ပေးလိုက်ရတဲ့သူတွေက နိုင်ငံနဲ့ ပြည်သူတွေအတွက် ဘယ်လောက်အထိ စွန့်လွှတ်ပေးနိုင်သူတွေလဲဆိုတာကို သတိချပ်စေလိုပါတယ်။ စာရေးသူ မိတ်ဆွေတွေထဲမှာ နိုင်ငံတော်က ပေးအပ်တဲ့ အငြိမ်းစားလစာကို ခံစားနေလျက်က ဘဝတူ ဝန်ထမ်းတွေကို CDM လုပ်ခိုင်းနေတာ မြင်တွေ့ရပါတယ်။

မြတ်ဗုဒ္ဓကတော့ လူမိုက်လက္ခဏာလေးပါးကို ဟောကြားတော်မူထားခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ လူမိုက်တို့သည် နည်းလမ်းအမှားတွေကို လုပ်ဆောင်ပါတယ်။ သူတစ်ပါးကိုလည်း နည်းလမ်းအမှားတွေကို လုပ်ဖို့တွန်းအားပေးပါတယ်။ မှားယွင်းနေတဲ့ နည်းလမ်းတွေကိုလည်း ကာကွယ် ပေးတတ်ပါတယ်။ မှားယွင်းနေတဲ့ နည်းလမ်းတွေအပေါ် ဝေဖန်သုံးသပ်သူတွေကိုလည်း လက်မခံတတ်ဘူးဆိုပြီး ဟောကြားခဲ့ပါတယ်။

လက်ရှိ CDM လုပ်သူ ဝန်ထမ်းဦးရေဟာ ရာခိုင်နှုန်း အတော်များနေပြီလို့ စာရင်းဇယားမပါဘဲ ပြောဆိုနေကြပေမယ့် တကယ်တမ်းတော့ လုပ်ငန်းဌာနတွေအားလုံးရဲ့ ဝန်ထမ်းအင်အား ၂၅ ရာခိုင်နှုန်း ပြည့်ပြီလို့တောင် မကြားရပါဘူး။ စုစုပေါင်းဝန်ထမ်း ၁၁ သိန်းလောက်အနက်မှာ လူတစ်သိန်း၊ လူနှစ်သိန်း ပါဝင်တဲ့ အတိုင်းအတာဟာ အောင်မြင်မှုတစ်ရပ်မဟုတ်ဘူးလို့တော့ စာရေးသူက ရှုမြင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် မှန်မှန်ကန်ကန် သစ္စာရှိရှိနဲ့ နိုင်ငံအကျိုးကို ဆောင်ရွက်ကြရမယ့်သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမှာ အဓမ္မတရားက ဖိအားပေး တိုက်ခိုက်နေရင်တောင် အပြီးမပျက် ရုံးတက်ကြဖို့ လိုအပ်ပါတယ်။

## ကွန်မြူနစ်ဝိညာဉ်မစီးမျောစေလို

လုပ်ကြံမှုအမျိုးမျိုးနဲ့ ကောလာဟလလွှင့်ပေးနေကြတဲ့ သတင်းဝက်ဆိုက်ဘ်တွေနဲ့ လူမှုကွန်ရက်က မဟုတ်မမှန်တဲ့ သတင်းဗီဒီယိုတွေ၊ လူငယ်မျိုးဆက်သစ်တွေကို မြှောက်ပေးနေတဲ့ စကားသံတွေနဲ့ ပြင်ဆင်တည်းဖြတ်ထားတဲ့ ဓာတ်ပုံတွေဟာ ရောထွေးနေပြီး အမှားကို အမှန်၊ အဓမ္မကို ဓမ္မအနေနဲ့ ပုံသွင်းထားတာကို မြင်တွေ့နေရပါတယ်။ ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အကျပ်အတည်းဖြစ်အောင်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကွက်ကျကျ ဖန်တီးနေသူတွေ၊ ပြည်သူတွေ အကြောက်တရား အမြစ်တွယ်အောင် ဖန်တီးထားတဲ့ လုပ်ကြံမှုတွေကလည်း နေရာယူလာတာကို တွေ့မြင်နေရပါတယ်။

**ကိုယ့်နိုင်ငံသား အချင်းချင်းမို့ စိတ်ရှည်လက်ရှည်ထားပြီး အသိပညာပေးဆဲကာလဖြစ်လို့ အတတ်နိုင်ဆုံး ထိခိုက်မှုနည်းအောင် ပြုမူနေရတဲ့ အပေါ် အခွင့်ကောင်းယူပြီး လက်နက်မဲ့ပြည်သူတွေကို လမ်းပေါ်ထွက်ခိုင်းနေခြင်းဟာ တမင်စတေး ပစ်နေခြင်းလားလို့ တွန်းပို့ဖျက်ဆီးသူတွေကို မေးခွန်းထုတ်လိုပါတယ်။ လူငယ်လေးတွေရဲ့ ခံစားချက်တွေကို အမုန်းတရားတွေအဖြစ် ပြောင်းလဲပြီး ခေတ်သစ်ကွန်မြူနစ်အသွင် ဖန်တီးနေခြင်း၊ ဒီမိုကရေစီကို မထီမဲ့မြင်ပြုခြင်းလို့ပဲ စာရေးသူကတော့ ယူဆမိပါတယ်။**

ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းက သခင်နု (ဦးနု)ကိုပြောခဲ့တဲ့ စကားတစ်ခွန်းကို သတိရမိပါတယ်။ “ဒီမှာ ကိုနု၊ အသိဉာဏ်ရှိတဲ့ ဒေသမှာ အမှားနဲ့ အမှန်ကို စကားလုံးနဲ့ ခွဲခြားပြီး ပြောပြလို့ရကောင်းပေမယ့် အသိဉာဏ်မရှိတဲ့ ဒေသမှာ ဗုဒ္ဓဘုရားရှင်ကြွလာပြီး တရားဟောတောင် နားငြီးလို့ အပြစ်ပြောမယ့်သူတွေ တစ်ပုံကြီး။ အဲဒီတော့ ကျုပ်တို့မှာ လုပ်စရာတစ်ခုပဲရှိတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ တိုင်းပြည် ကောင်းစားဖို့ဆိုရင် တရွတ်တိုက်ပြီး ဆွဲခေါ်သင့်ရင် ခေါ်ရမှာပဲ..” ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။

ဆန္ဒပြနေတဲ့ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ လုံခြုံရေး တာဝန်ယူထားရသူတွေအပေါ် ဥပဒေမဲ့ လုပ်ရပ်တွေ ဆက်လက်မလုပ်ဆောင်စေဖို့လည်း တိုက်တွန်းလိုက်ပါတယ်။ ပြီးခဲ့တဲ့ရက် စာရေးသူက လူငယ်တစ်ယောက်နဲ့ စကားစမြည်ပြောဖြစ်တော့ “ကျွန်တော်တို့ လူငယ်တွေအများစုက ဆန္ဒပြပွဲတွေမှာ ဂိမ်းတွေထဲက စစ်တိုက်တမ်း ဆော့နေကြသလိုပဲ” လို့ ညည်းညူပြောသွားပါတယ်။ အေးအေးချမ်းချမ်း ဆန္ဒထုတ်ဖော်နေရမယ့်အစား လက်နက်မဲ့ လူငယ်တွေဟာ အတင်းအဓမ္မဇွတ်တိုးလုပ်ဆောင်နေတာတွေ၊ ရပ်ရမယ့်အချိန်မှာ မရပ်တန့်ဘဲ သွေးဆူနေတာတွေက ထိခိုက်နစ်နာမှုတွေကို လာပါလို့ ဖိတ်ခေါ်နေတဲ့အတိုင်း မြင်တွေ့နေရပါတယ်။

လမ်းပိတ်ဆို့မှုတွေကြောင့် ဆေးရုံတွေဆီ အချိန်မီမရောက်လာနိုင်တဲ့ လူနာတွေ၊ ကျောင်းတွေ မဖွင့်လို့ လမ်းပျောက်နေရတဲ့ ကျောင်းသူကျောင်းသားတွေ၊ နေ့စဉ်စားဝတ်နေရေး ဖြေရှင်းဖို့မဖြစ်နိုင်တော့လို့ ဘဝကို အရှုံးပေးခါနီး လက်လုပ်လက်စားတွေ၊ ဝန်ထမ်းတွေရဲ့ လုပ်ခလစာနဲ့ ရပ်တည်နေရတဲ့ ဇနီး၊ သား၊ သမီး၊ မိဘဘိုးဘွားတွေ၊ မြှောက်ပင့်သူတွေရဲ့စကား နားယောင်လို့ လမ်းမတွေပေါ်မှာ အသက်တွေကို အလဟဿ စတေးနေကြတဲ့ လူငယ်တွေရဲ့ မိဘဆွေမျိုးတွေ.... သူတို့မျက်နှာတွေကို ထောက်ထားသောအားဖြင့် ဆူပူအကြမ်းဖက်မှုတွေကို ရပ်တန်းက ရပ်သင့်ကြပါပြီ။

ဆရာမင်းယုဝေရဲ့ ကျဆုံးသူဆိုတဲ့ ကဗျာလေး တစ်ပုဒ်ရှိခဲ့ပါတယ်။

**ကျဆုံးသူ**

အစိမ်းအနီ၊ ရှိကြသည်တွင်
အနီကိုသာ ၊ ငါကြိုက်ပါလည်း
သင့်မှာမကြိုက်၊ အစိမ်းကြိုက်၏။
စပယ်နှင်းဆီ၊ ရှိကြသည်တွင်
နှင်းဆီကိုသာ၊ ငါကြိုက်ပါလည်း
သင့်မှာမကြိုက်၊ စပယ်ကြိုက်၏။
အကြိုက်အညီ၊ မတူသည်ကား
ဤမှာလောက သဘာဝ။
သို့စဉ်ကြိုက်လည်း
အကြိုက်အညီ၊ မတူသည်ကို
မကြည်မသာ၊ ရန်မာန်ရှာ၍
ငါနှင့်မတူ ငါ့ရန်သူ ဟု
မှတ်ယူငြင်ငြို၊ အမျက်သိုက
ထိုသူ ကျဆုံး ရမည်တကား။ ။

အမှားကို အမှန်ထင်ပြီး သံဃာတော်တွေကို စော်ကားမှုတွေ မြင်တွေ့နေရပါတယ်။ မတူညီဘူးဆိုတဲ့ အမြင်တွေ၊ မြှောက်ပင့်မှုတွေ အကြား မိမိထက် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူတွေ၊ ဆရာသမားတွေကို ပုတ်ခတ်ပြောဆိုနေကြတာတွေကိုလည်း စိတ်မသက်သာဖွယ်မြင်တွေ့နေရပါတယ်။ အမုန်းတရားတွေ၊ ဒေါသ အာဃာတတွေနဲ့

*စာမျက်နှာ ၇ သို့*

# မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား မတ် ၅ ရက်တွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး(ယာပုံ) စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

အဆိုပါဆေးရုံသို့ လာရောက်ပြသသူ ၉၆ ဦး၊ ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၁၄၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စားရေးအဆင်ပြေစေရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် မတ် ၆**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)




တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ မတ် ၅ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကရင်ပြည်နယ် မြဝတီမြို့နယ် သက်န်းညီနောင် နယ်မြေရဲစခန်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်နှင့် ခန္တီးခရိုင်/မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ပြည်မြို့၊ ရေတာရှည်မြို့၊ ကျောက်ကြီးမြို့၊ ထန်းတပင်မြို့၊ ပန်းတောင်းမြို့၊ သဲကုန်းမြို့၊ ပေါက်ခေါင်းမြို့၊ ရွှေတောင်မြို့၊ ရွှေကျင်မြို့၊ ဖြူးမြို့နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

**“လမ်းပိတ်ဆို့မှုတွေကြောင့် ဆေးရုံတွေဆီ အချိန်မီမရောက်လာနိုင်တဲ့ လူနာတွေ၊ ကျောင်းတွေမဖွင့်လို့ လမ်းပျောက်နေရတဲ့ ကျောင်းသူ ကျောင်းသားတွေ၊ နေ့စဉ်စားဝတ်နေရေး ဖြေရှင်းဖို့မဖြစ်နိုင်တော့လို့ ဘဝကို အရှုံးပေးခါနီး လက်လုပ်လက်စားတွေ၊ ဝန်ထမ်းတွေရဲ့ လုပ်ခလစာနဲ့ ရပ်တည်နေရတဲ့ ဇနီး၊ သား၊ သမီး ၊ မိဘဘိုးဘွားတွေ၊ မြောက်ပင့်သူတွေရဲ့ စကားနားယောင်လို့ လမ်းမတွေပေါ်မှာ အသက်တွေကို အလဟဿ စတေးနေကြတဲ့ လူငယ်တွေရဲ့ မိဘဆွေမျိုးတွေ... သူတို့မျက်နှာတွေကို ထောက်ထားသောအားဖြင့် ဆူပူအကြမ်းဖက်မှုတွေကို ရပ်တန့်က ရပ်သင့်ကြပါပြီ”**

တမြည့်မြည့် လောင်ကျွမ်းနေကြတာ၊ မိဘနဲ့ သား သမီး၊ မူလက ချစ်ခင်လေးစားသူ အချင်းချင်း ခင်မင်မှုနဲ့ ချစ်ခြင်းတရားတွေ ပျက်စီး၊ တစ်ဦးနှင့် တစ်ဦး ထိခိုက်အောင် တိုက်ခိုက်လာကြတာတွေဟာ ရပ်ကွက်၊ မြို့နယ်အသီးသီးမှာ မြင်တွေ့နေရပါတယ်။

မတည်ငြိမ် မအေးချမ်းမှုတွေ၊ အမုန်းတရားတွေကို ရပ်တန့်ကရပ်ပြီး တူညီတဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီခရီးကို ပြည်သူတစ်ရပ်လုံး ထိခိုက်မှုအနည်းဆုံး နည်းလမ်းနဲ့ ပုံဖော်လျှောက်လှမ်းခြင်းကသာ အမှန်ကန်ဆုံးသော ရွေးချယ်မှုနည်းလမ်းဆိုတာ မျိုးဆက်သစ်လူငယ်တွေနဲ့ ပြည်သူတစ်ရပ်လုံးကို သိစေလိုလှပါပြီဟုသာ။ ။

❐ *ရွှေဖုံးမှ*

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ ပျက်ကွက်လျက်ရှိပြီး ဆေးရုံ၌ အထက်တန်းသူနာပြုတစ်ဦး၊ ကျန်းမာရေးဝန်ထမ်း ရှစ်ဦးတို့ဖြင့် ဒေသခံပြည်သူများကို ဆေးထည့်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့သာ ဆောင်ရွက်ပေးနိုင်သဖြင့် ဆေးကုသရန် အခက်အခဲများ ဖြစ်ပေါ်လျက် ရှိသောကြောင့် ဒေသခံပြည်သူများက အနောက်မြောက်တိုင်း စစ်ဌာနချုပ်သို့ အကူအညီ တောင်းခံလာသည့်အတွက် ယနေ့တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တပ်မတော်သား ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့အား အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ဒေသခံပြည်သူများက ကြိုဆိုခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။



ယင်းမာပင်တိုက်နယ်ဆေးရုံတွင် ဒေသခံပြည်သူတစ်ဦးအား တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ဆေးဝါးကုသပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့သို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ကျေးရွာအုပ်စု ၈ အုပ်စုရှိ မဲရုံ ၂၄ ရုံတို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော မဲလက်မှတ် အရေအတွက်ထက် အသုံးပြုအရေအတွက်မှာ ပိုမိုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမဲရုံများတွင် မဲလက်မှတ် အပိုသုံးစွဲမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မိတ္ထီလာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက် ဆန္ဒမဲလက်မှတ်အသုံးပြုမှုအပိုစာရင်း**

| စဉ် | ရပ်ကွက်/အုပ်စုအမည် | ထုတ်ပေး ရွက်ရေ | အသုံးပြု ရွက်ရေ | အပို ရွက်ရေ |
|---|---|---|---|---|
| ၁ | ဂဠုံကုန်းကျေးရွာ | ၁၇၀၀ | ၁၇၀၃ | ၃ |
| ၂ | လျှော်ဖြူကန်ကျေးရွာ | ၁၉၅၀ | ၁၉၅၁ | ၁ |
| ၃ | ပေါက်ချောင်းကျေးရွာ | ၅၁၅၀ | ၅၁၉၅ | ၄၅ |
| ၄ | ညောင်ပင်လှိုကျေးရွာ | ၃၈၀၀ | ၃၉၉၆ | ၁၉၆ |
| ၅ | သီးကုန်းကျေးရွာ | ၁၄၅၀ | ၁၄၅၄ | ၄ |
| ၆ | ကျောက်ဖူးကျေးရွာ | ၂၀၀၀ | ၂၀၀၄ | ၄ |
| ၇ | ရှမ်းမငယ်ကျေးရွာ | ၂၅၀၀ | ၃၂၀၀ | ၇၀၀ |
| ၈ | မယ်ဇလီကုန်းကျေးရွာ | ၁၃၅၀ | ၁၃၅၄ | ၄ |
| | **စုစုပေါင်း** | **၁၉၉၀၀** | **၂၀၈၅၇** | **၉၅၇** |

ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံ ၂၁၉ ရုံတို့တွင် အသုံးပြုရန် ထုတ်ပေးထားသော မဲလက်မှတ်များအနက် ပျောက်ဆုံးမဲလက်မှတ်များရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မဲရုံများတွင် မဲလက်မှတ်ပျောက်ဆုံးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မိတ္ထီလာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက်ဆန္ဒမဲလက်မှတ် ပျောက်ဆုံးမှုစာရင်း**

| စဉ် | ရပ်ကွက်/အုပ်စုအမည် | ထုတ်ပေး ရွက်ရေ | အသုံးပြု ရွက်ရေ | ပျောက်ဆုံး ရွက်ရေ |
|---|---|---|---|---|
| ၁ | သီရိမင်္ဂလာ | ၄၂၅၀ | ၃၈၀၀ | ၄၅၀ |
| ၂ | ဝန်ဇင်း | ၉၇၅၀ | ၉၇၁၅ | ၃၅ |
| ၃ | ရန်မျိုးအောင် | ၁၂၆၀၀ | ၁၀၅၉၅ | ၂၀၀၅ |
| ၄ | ပြည်သာယာ(တ) | ၄၁၅၀ | ၄၁၄၈ | ၂ |
| ၅ | ပြည်သာယာ(မ) | ၄၇၀၀ | ၄၅၉၈ | ၁၀၂ |
| ၆ | ချည်စက် | ၂၉၀၀ | ၂၆၀၀ | ၃၀၀ |
| ၇ | အောင်ဇေယျာ | ၉၇၅၀ | ၈၆၉၇ | ၁၀၅၃ |
| ၈ | ကျောက်ဖြူကုန်း | ၄၈၅၀ | ၄၇၀၀ | ၁၅၀ |
| ၉ | ညောင်စောက် | ၄၀၅၀ | ၃၈၅၁ | ၁၉၉ |
| ၁၀ | ညောင်ကိုင်း | ၁၂၅၀ | ၁၂၄၉ | ၁ |
| ၁၁ | ထမုန်ကန် | ၆၀၀၀ | ၅၉၅၇ | ၄၃ |
| ၁၂ | ခင်လူး | ၂၆၅၀ | ၂၆၄၈ | ၂ |
| ၁၃ | ကန်ကြီး | ၂၀၅၀ | ၁၇၄၄ | ၃၀၆ |
| ၁၄ | ရှမ်းတဲ | ၃၉၀၀ | ၃၈၉၅ | ၅ |
| ၁၅ | ဇောင်ချမ်းကုန်း | ၅၇၅၀ | ၅၇၀၁ | ၄၉ |
| ၁၆ | ကဖြူ | ၁၄၅၀ | ၁၄၀၀ | ၅၀ |
| ၁၇ | ကန်သာ | ၇၁၅၀ | ၆၅၉၆ | ၅၅၄ |
| ၁၈ | ညောင်ကန် | ၃၁၀၀ | ၃၀၄၈ | ၅၂ |
| ၁၉ | ကျောင်းရွာ | ၃၇၀၀ | ၃၄၉၉ | ၂၀၁ |
| ၂၀ | မကြီးစု | ၂၅၅၀ | ၂၅၄၄ | ၆ |
| ၂၁ | ဆည်ကုန်း | ၃၀၀၀ | ၂၉၄၉ | ၅၁ |
| ၂၂ | ကန်တောင် | ၂၅၅၀ | ၂၀၁၆ | ၅၃၄ |
| ၂၃ | ကုက္ကိုကုန်း | ၂၅၀၀ | ၂၂၇၈ | ၂၂၂ |
| ၂၄ | ဝါးရုံ | ၂၃၅၀ | ၂၃၄၉ | ၁ |
| ၂၅ | ကွက်ငယ် | ၄၁၅၀ | ၃၈၄၅ | ၃၀၅ |
| ၂၆ | မြာ | ၄၀၀၀ | ၃၆၉၇ | ၃၀၃ |
| ၂၇ | အောင်ဆန်း | ၁၁၂၀၀ | ၉၇၆၉ | ၁၄၃၁ |
| ၂၈ | နန်းတော်ကုန်း | ၉၇၅၀ | ၉၄၉၇ | ၂၅၃ |
| ၂၉ | မြို့မ | ၂၁၅၀ | ၂၁၄၅ | ၅ |
| ၃၀ | ဈေးအရှေ့ပြင် | ၄၄၀၀ | ၃၈၉၉ | ၅၀၁ |
| ၃၁ | ရတနာမာရ်အောင် | ၈၀၀၀ | ၇၉၈၄ | ၁၆ |
| ၃၂ | လိန်တော | ၂၃၀၀ | ၂၁၀၀ | ၂၀၀ |
| ၃၃ | အင်း | ၂၈၅၀ | ၂၈၄၈ | ၂ |
| ၃၄ | ရွှေပန်းတိုင် | ၂၈၀၀ | ၂၆၉၆ | ၁၀၄ |
| ၃၅ | ကျွဲတလင်း | ၅၇၅၀ | ၅၃၃၈ | ၄၁၂ |
| ၃၆ | မုန်တိုင် | ၅၃၅၀ | ၅၂၈၀ | ၇၀ |
| ၃၇ | ကန်နီ | ၁၇၀၀ | ၁၆၈၀ | ၂၀ |
| ၃၈ | အလည်ရွာ | ၅၅၅၀ | ၅၁၇၆ | ၃၇၄ |
| ၃၉ | ဆပ်ပြာကျင်း | ၃၆၀၀ | ၃၅၄၆ | ၅၄ |
| ၄၀ | ဆည်အောင် | ၂၉၀၀ | ၂၆၀၆ | ၂၉၄ |
| ၄၁ | မြောက်လည် | ၄၇၀၀ | ၄၃၄၈ | ၃၅၂ |
| ၄၂ | သရက်ပင် | ၃၁၀၀ | ၃၀၅၀ | ၅၀ |
| ၄၃ | မွေ | ၃၄၅၀ | ၃၀၉၈ | ၃၅၂ |
| ၄၄ | မြင်းကန် | ၂၈၅၀ | ၂၈၀၁ | ၄၉ |
| ၄၅ | သံဘို | ၃၈၅၀ | ၃၇၅၁ | ၉၉ |
| ၄၆ | သီးပင်ကုန်း | ၄၈၅၀ | ၃၉၀၅ | ၉၄၅ |
| ၄၇ | တပျော် | ၃၃၅၀ | ၃၃၁၀ | ၄၀ |
| ၄၈ | ဇရပ်ကုန်း | ၃၆၅၀ | ၃၆၄၂ | ၈ |
| | **စုစုပေါင်း** | **၂၁၃၂၀၀** | **၂၀၀၅၈၈** | **၁၂၆၁၂** |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၆ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ပါရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၁ ခုနှစ် မတ်လ ၅ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်ပါ တာမွေမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်တွင် ဖော်ပြထားရှိသော ပိုသုံး ၅၉၉၃ အစား အပို ၅၉၉၃ ဟု ပြင်ဆင်ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❍ *ကျောဖုံးမှ*

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်-

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မိုး/ဇလ

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၆**

COVID-19 ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီ ရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာ ရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၆**

တိုင်းဒေသကြီးနှင့် မြို့နယ်များ အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြု၍ ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံး ဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့်စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့် ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော် ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုများ အနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာရှိ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးရုံးသို့ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက ရပ်မိ ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရေး အတွက် ရပ်ကွက်/ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၆**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား COVID-19 ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဝေရာရာမ ရန်ကင်းကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဩဒါတသီရိဘိဝံသ အမှူးပြုသော သံဃာတော်များ၊ ဇန်းမော်ကျောင်းတိုက်နှင့် ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော်များအား အဆိုပါကျောင်းတိုက်များ အသီးသီး၌ တိုင်းစစ်ဌာနချုပ်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဘယ်သူဖျက်ဖျက် နိုင်ငံတော်ပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေကြပါသည်

မောင်မိုးညို

နိုင်ငံ့ဝန်ထမ်းဟူသည် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့်၊ နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာ၊ စရိတ်နှင့်အခြားခံစားခွင့်များကို ရယူခံစားနေကြသော ဝန်ထမ်းအားလုံးကို ဆိုလိုသည်။ နိုင်ငံ့ဝန်ထမ်းဟူသည် အောက်ခြေအဆင့် နေ့စားဝန်ထမ်းမှသည် ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ဝန်ထမ်းအားလုံးပါဝင်သည်။

ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာတွင် နေ့စားဝန်ထမ်းမှ ပြန်တမ်းဝင်အရာရှိမဟုတ်သော (non-gazette officer) ဝန်ထမ်းအထိအား သက်ဆိုင်ရာဌာနအကြီးအကဲ အတည်ပြုမှုဖြင့် ရွေးချယ်ခန့်ထားရပြီး ပြန်တမ်းဝင်အရာရှိနှင့် အလယ်အလတ်အဆင့် ဝန်ထမ်းကြီးများအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ရွေးချယ်ခန့်ထားရသည်။ ထိုအဆင့်များထက် မြင့်သည့်ဌာနဆိုင်ရာ အကြီးအကဲများကို နိုင်ငံတော်သမ္မတကိုယ်တိုင် အတည်ပြုခန့်ထားရသည်။

အတည်ပြုခန့်ထားသော အောက်ခြေဝန်ထမ်းအဆင့်များကို နိုင်ငံ့ဝန်ထမ်းရွေးချယ် ခန့်ထားခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ရွေးချယ်ခန့်ထားရသည့်အပြင် ဝန်ထမ်းဆိုင်ရာ သတ်မှတ်အရည်အချင်းများနှင့် ကျင့်ဝတ်စည်းကမ်းများသာမက အကျင့်စာရိတ္တပိုင်းဆိုင်ရာတို့ကိုပါ စိစစ်ပြီး ရွေးချယ်ခန့်ထားရသည်။ ထို့ထက်အဆင့်မြင့်သော ဝန်ထမ်းများဖြစ်လျှင် ပို၍ပင်စိစစ်ရွေးချယ်ရသည်။ ယခင်ကာလများကဆိုလျှင် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် အတည်ပြုခန့်ထားနိုင်ရန်အတွက် နောက်ကြောင်းရာဇဝင်ကိုပါ ရှာဖွေစုံစမ်းစိစစ်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာရန်အတွက် သတ်မှတ်အရည်အချင်းများပြည့်မီအောင် ကြိုးစားရသည့်အပြင် သတ်မှတ်ထားသော၊ ပြဋ္ဌာန်းထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိမှတ်သား လေးစားလိုက်နာရသည့်အပြင် **“ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင် နေထိုင်ပါမည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်က ပေးအပ်သော အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားပါမည်”** ဟူသော နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ထားကြရသည်။

**“မြန်မာနိုင်ငံ၏ ဝန်ထမ်းသမိုင်းတွင် ရာဇဝင်ရိုင်းစွာ ဖြစ်လာခဲ့သည်။ ယခင် NLD အစိုးရလက်ထက်က အတည်ပြုခန့်ထားခဲ့သော ဝန်ထမ်းအကြီးအကဲအချို့သည် ပါတီနိုင်ငံရေးခံယူချက်အစွဲအလမ်းကြီးစွာဖြင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ အဓိဋ္ဌာန်၊ ဥပဒေတို့ကို ဖောက်ဖျက်ခဲ့သည်။ ဖောက်ဖျက်ရုံသာမက နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက် ပုန်ကန်ခြားနားခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဟူသည် မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိရမည့်အချက်ကို ဖောက်ဖျက်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်ရန်အတွက် တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ အစိုးရတည်မြဲရေးအတွက် တာဝန်ထမ်းဆောင်နေကြခြင်း မဟုတ်ပေ။ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက် ပြောင်းလဲသွားသော်လည်း နိုင်ငံ့တာဝန်ကို ပြီးဆုံးသည်အထိ ကျေပွန်စွာထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ အစိုးရတစ်ရပ်ကို မကြိုက်၊ မနှစ်သက်ပါက ရဲရဲဝံ့ဝံ့ပြတ်သားစွာ မိမိဆန္ဒသဘောထားအလျောက် အလုပ်မှ နုတ်ထွက်သွားနိုင်သည်”**

ထို့ကြောင့် ဖော်ပြပါအချက်များအား နိုင်ငံ့ဝန်ထမ်းများသည် အမှန်တကယ် လိုက်နာကျင့်သုံးကြရမည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာရန် လွယ်ကူလှသည် မဟုတ်သည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မိမိတို့တတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာတို့ဖြင့် တိုင်းပြည်အကျိုးကို ထမ်းရွက်လိုသောကြောင့်လည်းကောင်း၊ ပြည်သူ့အကျိုးကို စေတနာရှေ့ထား၍ သယ်ပိုးလိုသောကြောင့် လည်းကောင်း၊ မိမိတို့အတွက် ဂုဏ်သိက္ခာနှင့်ဣန္ဒြေရှိစွာဖြင့် မပူမပင်၊ မကြောင့်မကြ နေထိုင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းသမိုင်းတွင် ထိုကဲ့သို့ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ထွန်းရေးအတွက် ခေတ်အဆက်ဆက်အစိုးရများက ရွေးချယ်ပျိုးထောင် အမှုထမ်းဆောင်စေနိုင်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေတို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေတို့ကို ကျူးလွန်လျှင် သော်လည်းကောင်း သက်ဆိုင်ရာဥပဒေတို့အရ အရေးယူခဲ့ရသော နိုင်ငံ့ဝန်ထမ်းများရှိခဲ့သည်။ အထူးသဖြင့် အောက်ခြေနိုင်ငံ့ဝန်ထမ်းများအပေါ်တွင် အကြီးအကဲကျင့်ဝတ်၊ နာယကဂုဏ်တို့နှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲနိုင်ကြသော ဌာနဆိုင်ရာအကြီးအကဲများက ဌာနအကျိုး၊ ဝန်ထမ်းအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးတို့ကို သစ္စာရှိစွာဖြင့် ဆုံးခန်းတိုင်အောင် ထမ်းဆောင်ကြသည်ကို တွေ့ရပါသည်။

ထိုသို့ထမ်းဆောင်ကြရာတွင် အကျင့်စာရိတ္တပိုင်းဆိုင်ရာအရဖြစ်စေ၊ လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်မှုနှင့် လုပ်ငန်းဆိုင်ရာအရဖြစ်စေ၊ ပြစ်မှုကြောင်းဆိုင်ရာအရဖြစ်စေ ဖောက်ဖျက်သော ဌာနဆိုင်ရာ အကြီးအကဲအချို့ရှိခဲ့ပြီး ဝန်ထမ်းဥပဒေအရ၊ ပြစ်မှုဥပဒေအရ အရေးယူထုတ်ပယ်မှု ရှားရှားပါးပါးရှိခဲ့ပါသည်။ ဌာနဆိုင်ရာ အကြီးအကဲသည် ဌာနအပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အပေါ်တွင်လည်းကောင်း အခြားဝန်ထမ်းများနှင့်မတူဘဲ အထူးသစ္စာစောင့်သိရိုသေလိုက်နာရသည့် အကြီးအမှူးများဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းသမိုင်းတွင် စိတ်ခံစားချက်ပြင်းထန်သော အကြီးအကဲအချို့ရှိခဲ့ပါသည်။ ၎င်းအကြီးအကဲ အချို့အနေဖြင့် အကယ်၍တာဝန်ထမ်းဆောင်မှုအရဖြစ်စေ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအရဖြစ်စေ မနှစ်သက်ပါက၊ မကျေနပ်ပါက ရဲဝံ့ပြတ်သားစွာဖြင့် နိုင်ငံ့ဝန်ထမ်းလုပ်ထုံးလုပ်နည်း၊ ဥပဒေတို့နှင့်အညီ မိမိသဘောဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခဲ့သည့် ဝန်ထမ်းကြီးများ ရှိခဲ့ဖူးပါသည်။ ၎င်းဝန်ထမ်းကြီးအချို့သည် မိမိ၏ မကျေနပ်ချက်တစ်ခုခုတို့ကြောင့် အလုပ်နုတ်ထွက်ခြင်းဖြင့် မိမိဆန္ဒကို ပြသခဲ့သော်လည်း နိုင်ငံတော်အပေါ်တွင် သစ္စာဖောက်ဖျက်ခြင်း မရှိသည်ကို အထင်အရှားတွေ့ရပါသည်။

ယခုအခါ ယခင်နိုင်ငံ့တာဝန်ကိုယူခဲ့သောအစိုးရကိုအကြောင်းပြု၍ နိုင်ငံ့ဝန်ထမ်းသမိုင်းတွင် စွန်းထင်းသော အမည်းစက်ကြီး ပေါ်လာခဲ့သည်။ အဓိကအချက်မှာ နိုင်ငံ့ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟူသည့်အချက်ကို ယခင်အစိုးရက မျက်ကွယ်ပြုရာမှ အစပြုလာခဲ့သည်။ နိုင်ငံ့တာဝန်ယူထားစဉ် ပါတီနိုင်ငံရေးကို ဦးစားပေးပြီး

*စာမျက်နှာ ၁၁ သို့*

**“မည်သည့်နေရာတွင်ရှိမှန်းမသိ၊ မည်သည့်ဌာနတွင် ရပ်တည်လုပ်ကိုင်ခြင်းမရှိ၊ မည်သည့်အကူအညီကယ်ဆယ်ရေးလာမှန်းမသိသည့် ပုန်းလျှိုးကွယ်လျှိုးပွဲလန့်တုန်းဗျာခင်းသည့် ဌာနအကြီးအကဲလုပ်ခဲ့ဖူးသည့် လူတစ်ယောက်၏ စိတ်အခြေအနေကို သေချာလေ့လာခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ခြောက်လှန့်သည်။ ဖိအားပေးသည်။ အကျပ်ကိုင်သည်ဖြစ်စေ တပ်မတော်၏ အေးချမ်းစွာနေထိုင်ကြသော ပြည်သူပြည်သားများအား ကာကွယ်စောင့်ရှောက်ပေးမှုဖြင့် ရိုးသားကြိုးစားစွာ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများမှာ အပြုံးမပျက် ရုံးတက်နေကြပါသည်။ မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာရှိစွာ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ကြပါသည်”**

# ထီးချိုင့်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၆**

နီကယ်စက်ရုံလုံခြုံရေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ အနီး နီကယ်စက်ရုံ စွန့်ပစ်မြေစာပုံသွားလမ်းတွင် အိုက်ဆွေ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ယန်းခေါင်ကျေးရွာအနီး စန်းလု-ယန်းခေါင်ကျေးရွာသွားလမ်းတွင် ဖိုးလပြည့် မောင်းနှင်ပြီး စိုင်းလောင်ဆိုင်(ခ) ကုလားလေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




စိုင်းလောင်ဆိုင်(ခ) ကုလားလေး၊ ဖိုးလပြည့်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# ခန္တီးမြို့တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်တစ်လုံးမီးလောင်

**ခန္တီး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ယမန်နေ့ ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က ဦးဆန်းပဲ၏နေအိမ် မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်ဝင်း ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ရာ ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း မြို့နယ်မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံအောင်ထံမှ သိရသည်။

မီးလောင်မှုကြောင့် ဦးဆန်းပဲ၏နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ ခန္တီးမြို့နယ်ရဲတပ်ဖွဲ့က အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စနေမောင်မောင်(ခန္တီး)**

# မြစ်သားမြို့ ပန်းလောင်မြစ်အတွင်း၌ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**နေပြည်တော် မတ် ၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မတ် ၅ ရက် ညနေ ၂ နာရီခွဲက စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ် ရွာမုန်းကြီးကျေးရွာနေ ကိုချစ်နော် (၂၇နှစ်) သည် မြစ်သားမြို့ မင်းဝန်ရပ်ကွက်အနီး ပန်းလောင်မြစ်အတွင်း သဲမှုတ်စက်ဖြင့် သဲထုတ်ယူလုပ်ငန်းဆောင်ရွက်နေစဉ် သဲကျင်းအတွင်းမှ လုံးပတ် သုံးပေခွဲ၊ အရှည် လေးပေခွဲခန့်ရှိ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များကို အရေးယူ

**နေပြည်တော် မတ် ၆**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၄ ရက် ညနေ ၅ နာရီမှ မတ် ၅ ရက် ညနေ ၅ နာရီအထိ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်သုံးစီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ်ငါးစီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ်ကိုးစီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး စုစုပေါင်း ၂၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

အပိုင်ကန်သွင်းချက်လွဲချော်ခဲ့၍ ဂိုးရရှိခွင့် ဆုံးရှုံးခဲ့သည်။ ပွဲချိန်မိနစ် ၉၀ ပြီးဆုံး၍ အချိန်ပိုလေးမိနစ်တွင် အာဆင်နယ်တို့ ပိုဖိကစားနိုင်ပြီး အာဆင်နယ်ကစားသမား၏ အပိုင်ကန်သွင်းချက် တိုင်ထိခဲ့မှုကြောင့် အာဆင်နယ်တို့ အနိုင်သုံးမှတ်မရဘဲ ပွဲအပြီး တစ်ဖက်တစ်ဂိုးစီဖြင့် တစ်မှတ်စီခွဲယူခဲ့ရသည်။ ယခုပွဲအပြီး အာဆင်နယ်တို့က ၂၇ ပွဲကစား ၃၈ မှတ် ရရှိကာ ဘန်လေက ၂၈ ပွဲကစား ရမှတ် ၃၀ ရရှိထားသည်။ အခြားပွဲစဉ်ဖြစ်သည့် ရှက်ဖီးလ်နှင့် ဆောက်သမ်တန်ပွဲတွင် ဆောက်သမ်တန်က နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ **ကျော်ဇင်**

*စာမျက်နှာ ၁၀ မှ*

ဝန်ထမ်းများအပေါ်တွင်ပါ လွှမ်းမိုးလာခဲ့သည်။ ဝန်ထမ်းဟူသည် ရွေးကောက်ပွဲတွင် မိမိနှစ်သက်ရာပါတီကို ရွေးချယ်နိုင်ခွင့်ရှိသော်လည်း ပါတီနိုင်ငံရေးကို မဖြစ်မနေကင်းရှင်းရမည်ဖြစ်သည်။ ပါတီနိုင်ငံရေးမကင်းရှင်းပါက နိုင်ငံအုပ်ချုပ်ရေး၊ နိုင်ငံရေးစနစ် မတည်ငြိမ်ဖြစ်ခဲ့သည်ကို မြန်မာ့နိုင်ငံရေးသမိုင်း၌ တည်မြဲ၊ သန့်ရှင်းအစိုးရ အကွဲအပြဲများက သက်သေပြခဲ့ပြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ ဝန်ထမ်းသမိုင်းတွင် ရာဇဝင်ရိုင်းစွာဖြစ်လာခဲ့သည်။ ယခင် NLD အစိုးရလက်ထက်က အတည်ပြုခန့်ထားခဲ့သော ဝန်ထမ်းအကြီးအကဲအချို့သည် ပါတီနိုင်ငံရေးခံယူချက် အစွဲအလမ်းကြီးစွာဖြင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်၊ ဥပဒေတို့ကို ဖောက်ဖျက်ခဲ့သည်။ ဖောက်ဖျက်ရုံသာမက နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက် ပုန်ကန်ခြားနားခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဟူသည် မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိရမည့်အချက်ကို ဖောက်ဖျက်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်ရန်အတွက် တာဝန်ထမ်းဆောင်ခဲ့ကြခြင်း ဖြစ်သည်။ အစိုးရတည်မြဲရေးအတွက် တာဝန်ထမ်းဆောင်နေကြခြင်း မဟုတ်ပေ။ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက် ပြောင်းလဲသွားသော်လည်း နိုင်ငံ့တာဝန်ကို ပြီးဆုံးသည်အထိ ကျေပွန်စွာထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ အစိုးရတစ်ရပ်ကို မကြိုက်၊ မနှစ်သက်ပါက ရဲဝံ့ပြတ်သားစွာ မိမိဆန္ဒသဘောထားအလျောက် အလုပ်မှ နုတ်ထွက်သွားနိုင်သည်။**

သို့သော် နိုင်ငံ့ဝန်ထမ်းအကြီးအကဲပြုလုပ်ခဲ့သည့် ဆေးပညာရှင်တစ်ဦးနှင့် သံအမတ်ကြီးတစ်ဦးတို့သည် တည်ဆဲအစိုးရကို ဆန့်ကျင်၍ ပုန်ကန်ခြားနားခဲ့သည်။ နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခဲ့သည်။

အဆိုပါဆေးပညာရှင်သည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကတည်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးစကားဆိုစဉ် အသိပညာပေးသယောင်ယောင်နှင့် ပြည်သူလူထုလှုပ်ရှားပါဝင်မှုများကို နိုင်ငံရေးခေါင်းဆောင်ဟန်ပန်ဖြင့် ပြောဆိုပြုမူခဲ့သည့် သံသယဖြစ်စရာများ တွေ့ရှိခဲ့သည်။ ဆေးဘက်ဆိုင်ရာ ဒုတိယခေါင်းဆောင်အဖြစ် ဆောင်ရွက်နေစဉ် လူထုခေါင်းဆောင်ပုံစံလိုလို ဟန်လုံးအမျိုးမျိုးထုတ်ပြခဲ့သည်။ အစိုးရအပြောင်းအလဲဖြစ်သောအခါ မင်းသားခေါင်းဆောင်းထားသော ဘီလူးကဲ့သို့ ပုံသဏ္ဌာန်အသွင်ကို ပြောင်ပြောင်တင်းတင်း ထုတ်ဖော်လာခဲ့သည်။

အဆိုပါ ဆေးပညာရှင်ဆိုသူသည် တရားလည်းမဝင်၊ လက်ဆုပ်လက်ကိုင်လည်း မပြနိုင်သည့် တရားမဝင်သော ဝန်ကြီးဌာနသုံးခု၏ ဝန်ကြီးဖြစ်လာခဲ့သည်။ ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေး အောင်ပွဲဆင်ရေးဆိုသည့် အရေးတော်ပုံကိုဆင်နွှဲရန်အတွက် တရားဥပဒေနှင့် မညီသည့် တရားမဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် လက်တွဲလှုပ်ရှားလျက်ရှိသည်။ ကြွေးကြော်သံအမျိုးမျိုးကို ကြွေးကြော်ကာ ပြည်တွင်းမှ ဆူပူလှုပ်ရှားမှုများမြင့်တက်လာရေး၊ ပြည်ပအားကို မျှော်ကိုးလုပ်ဆောင်ရေးတို့ကို ပြုလုပ်လာခဲ့သည်။ ပုန်းလျှိုးကွယ်လျှိုးနေထိုင်၍ အွန်လိုင်းပေါ်မှတစ်ဆင့် ပြည်သူများအား သွေးထိုးလှုံ့ဆော်မှုများ တစိုက်မတ်မတ်ပြုလုပ်နေသည်။ ဆန္ဒပြပြည်သူများ စိတ်ဓာတ် တက်ကြွလာစေရန်အတွက် မမှန်သတင်းများ၊ မရေရာသောသတင်းများ၊ မသေချာသော ထုတ်ပြန်ချက်များတွင် ထုတ်လွှင့်လာခဲ့သည်။

CDM ကို တစ်ရာ ရာခိုင်နှုန်းအောင်မြင်နေပြီဟု ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် သွေးထိုးလှုံ့ဆော်ပေးလျက်ရှိသည်။ ဆန္ဒပြအရှိန်အားကောင်းရန်၊ CDM အောင်မြင်ရန် နည်းလမ်းအမျိုးမျိုးပေးလျက်ရှိသည်။ နောက်ဆုံးတွင် အမှန်ကိုအမှား၊ တရားကို မတရား၊ ဓမ္မကို အဓမ္မ ပြုလုပ်လာခဲ့သည်။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့သည်။ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စိတ်ဓာတ်ပျက်ပြားအောင် ပြုလုပ်လာခဲ့သည်။ ဝန်ထမ်းများအား CDM မပြုလုပ်ပါက မတ်လ ၈ ရက်နေ့မှစတင်၍ ရုံးတက်ရန်မလိုတော့ကြောင်း ခြိမ်းခြောက်လာခဲ့သည်။ ကျဆုံးခဲ့သော ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ရုံးပိတ်ရက် ၁၀ ရက် ကြေညာမည်ဟု ပြောဆိုလာခဲ့သည်။ ပြည်သူ့အကျိုးကို လျစ်လျူရှုသူများအဖြစ် ကြေညာမည်ဟု အွန်လိုင်းပေါ်မှ ခြိမ်းခြောက်လာခဲ့သည်။ ရုံးများ၊ ကျောင်းများ၊ ဆေးရုံများ ၎င်းတို့နှင့် ဆက်သွယ်ကြရန် အချက်ပေးလာခဲ့သည်။ အနည်းဆုံး ၁၀ ရက်၊ ၁၅ ရက်စာ စားနပ်ရိက္ခာများ စုဆောင်းထားရန်၊ ပြည်သူလူထုဘက်မှရပ်တည်ရန် တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ဩသံပေးလာခဲ့သည်။

**မည်သည့်နေရာတွင် ရှိမှန်းမသိ၊ မည်သည့်ဌာနတွင် ရပ်တည်လုပ်ကိုင်ခြင်းမရှိ၊ မည်သည့်အကူအညီ ကယ်ဆယ်ရေးလာမှန်းမသိသည့် ပုန်းလျှိုးကွယ်လျှိုး ပွဲလန့်တုန်းဖျာခင်းသည့် ဌာနအကြီးအကဲလုပ်ခဲ့ဖူးသည့် လူတစ်ယောက်၏ စိတ်အခြေအနေကို သေချာလေ့လာခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ခြောက်လှန့်သည်။ ဖိအားပေးသည်။ အကျပ်ကိုင်သည်ဖြစ်စေ တပ်မတော်၏ အေးချမ်းစွာနေထိုင်ကြသော ပြည်သူပြည်သားများအား ကာကွယ်စောင့်ရှောက်ပေးမှုဖြင့် ရိုးသားကြိုးစားစွာ တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများမှာ အပြုံးမပျက်ရုံးတက်နေကြပါသည်။ မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် သစ္စာရှိစွာ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ကြပါသည်။** ။

# ပုပ်ရဟန်းမင်းကြီး အီရတ်သို့ ပထမဆုံးအကြိမ် သွားရောက်


ပုပ်ရဟန်းမင်းကြီးဖရန်စစ် ဘဂ္ဂဒက်သို့ ရောက်ရှိလာစဉ်။

ဘဂ္ဂဒက် မတ် ၆

**ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အီရတ်သို့ ပထမဆုံးအကြိမ် သွားရောက်သည့် ပုပ်ရဟန်းမင်းကြီးဖြစ်ပြီး လေးရက်ကြာခရီးစဉ်၏ အစပိုင်းတွင် ဘာသာရေးနှင့် တိုင်းရင်းသားပြန်လည်သင့်မြတ်ရေးအတွက် တောင်းဆိုခဲ့သည်။ အီရတ်ဝန်ကြီးချုပ် မူစတာဖာ အယ် ခတ်ဟီမီ က မတ် ၅ ရက်တွင် ပုပ်ရဟန်းမင်းကြီးကို မြို့တော်ဘဂ္ဂဒက်လေဆိပ်တွင် ကြိုဆိုခဲ့သည်။ သမ္မတနန်းတော်၌ ပြုလုပ်သည့် ကြိုဆိုပွဲအခမ်းအနားတွင် အစိုးရအရာရှိများ၏ရှေ့တွင် ပုပ်ရဟန်းမင်းကြီးက မိန့်ခွန်းပြောကြားခဲ့သည်။**

အီရတ်နိုင်ငံသည် စစ်ပွဲ၏ ဆိုးကျိုးများကို ခံစားခဲ့ရပြီးဖြစ်ကြောင်း၊ ဂိုဏ်းဂဏကွဲပြားမှုများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ အကြမ်းဖက်မှုများကို ခံစားခဲ့ရပြီးဖြစ်ကြောင်း၊ ယခုအချိန်သည် တိုင်းပြည်အတွင်း ကုစားရမည့်အချိန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တိုင်းပြည်အတွင်း ဘာသာရေး၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားမျိုးနွယ်စု ကွဲပြားခြားနားခြင်းတို့ကိုလည်း ဖော်ပြခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် ၎င်း၏ ခရီးစဉ်အတွင်း မူဆလင်ဘာသာရေး ခေါင်းဆောင်များနှင့် ပြောဆိုဆွေးနွေးသွားမည်ဖြစ်သည်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူလ်းမြို့သို့လည်း သွားရောက်မည်ဖြစ်သည်။ မိုဆူးလ် ဒေသသည် အစ္စလာမ္မစ် စစ်သွေးကြွအုပ်စုများ၏ အုပ်ချုပ်မှုအောက်တွင် ကာလရှည်ကြာ ကျရောက်ခဲ့သည့်မြို့လည်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့် တပ်ဖြန့်ချထားပေးမည်ဖြစ်သည်။ တိုင်းပြည်အတွင်း လုံခြုံရေးအခြေအနေများမှာ ဆိုးရွားနေသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အခြေချရာ အနောက်ပိုင်းဒေသသို့လည်း ဒုံးကျည်များ ပစ်ခတ်လေ့ရှိသည်။ ပုပ်ရဟန်းမင်းကြီးသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက ဂျပန်နိုင်ငံသို့ နောက်ဆုံးသွားရောက်ခဲ့ခြင်း ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့ မတ် ၁၅ ရက်တွင် ဂျပန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိ

**တိုကျို မတ် ၆**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် ဂျပန်နိုင်ငံသို့ မတ် ၁၅ ရက်တွင် သွားရောက်မည်ဟု စီစဉ်ထားကြကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက် အဆင့်မြင့်အရာရှိကြီးများ ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံသို့ လာရောက်မည့်ခရီးစဉ်ဖြစ်သည်ဟု ဂျပန်အစိုးရသတင်းအရင်းအမြစ်က မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

မတ် ၁၇ ရက်အထိ ဂျပန်နိုင်ငံတွင် ရှိနိုင်ပြီး ဘလင်ကန်နှင့် ဩစတင်တို့သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှိမစ်ဆု မိုတီဂီနှင့် ကာကွယ်ရေးဝန်ကြီး နိုဘူအိုကီရှီတို့နှင့် တွေ့ဆုံသွားဖွယ်ရှိသည်ဟု သိရသည်။

၎င်းတို့နှစ်ဦးသည် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟိဒဲ ဆူဂါနှင့် တွေ့ဆုံသွားဖွယ်လည်း ရှိသည်။ ကိုဗစ် -၁၉ ကပ်ရောဂါများ ကူးစက်ပျံ့နှံ့နေသည့်ကာလတွင် လူချင်းတွေ့ဆုံရန် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံ လုံခြုံရေးအရာရှိများ ဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်းက ဝါရှင်တန်တွင် ကျင်းပခဲ့သည်။

ဂျပန်နှင့် အမေရိကန်တို့မှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများသည် မတ် ၄ ရက်က ဗီဒီယိုကွန်ဖရင့်ပြုလုပ်ခဲ့ပြီး လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒိုပစိဖိတ်ဒေသဖြစ်ရန်အတွက် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဟု ကတိပြုခဲ့ကြသည်။

၎င်းတို့ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဘလင်ကန်နှင့် ဩစတင်တို့ ဂျပန်နိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်အကြောင်း မပါဝင်ခဲ့ပေ။

ကျိုဒို


ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှိမစ်ဆု မိုတီဂီနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်။

# နယူးယောက်ပြည်နယ်၌ ဆေးရုံတက်ရောက်ကုသသူ အရေအတွက် ကျဆင်း

**နယူးယောက် မတ် ၆**

နယူးယောက် ပြည်နယ်တွင် ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူနေရသည့် အရေအတွက်မှာ ၅၀၃၄ ဦးအထိ ကျဆင်းလာသည်ဟု အုပ်ချုပ်ရေးမှူး အန်ဒရူးကိုမို က မတ် ၅ ရက်တွင် ပြောကြားခဲ့သည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုမှာ မတ် ၄ ရက်တွင် ၃ ဒသမ ၀၂ ရာခိုင်နှုန်းရှိသည်။ မတ် ၃ ရက်တွင်မူ ကူးစက်မှုနှုန်းမှာ ၂ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်ဟု ၎င်းက ပြောသည်။

မတ် ၄ ရက်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက်မှာ ၉၄ ဦးရှိသည်။ မတ် ၅ ရက် နံနက် ၁၁ နာရီတွင် နယူးယောက်ပြည်နယ်ရှိ ကျန်းမာရေးစင်တာများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်နေပြီဖြစ်သည်။

လူပေါင်း ၃၅၅၈၉၈၀ ကို ပထမအကျော့ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ မတ် ၅ ရက် မွန်းလွဲပိုင်းတွင် နယူးယောက်ပြည်နယ်၌ လူပေါင်း ၄၈၁၀၉ ဦး သေဆုံးခဲ့သည်ဟု ဂျွန်ဟော့ကင်း တက္ကသိုလ်ရှိ သိပ္ပံနှင့် အင်ဂျင်နီယာဌာနက အစီရင်ခံဖော်ပြခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် သေဆုံးသူ ၅၃၆၄၇ ဦးရှိပြီး နယူးယောက်ပြည်နယ်သည် ကယ်လီဖိုးနီးယားပြည်နယ် ပြီးလျှင် ဒုတိယမြောက် သေဆုံးမှုနှုန်းမြင့်သည့် ပြည်နယ်ဖြစ်သည်။

ဆင်ဟွာ



နယူးယောက်ပြည်နယ်ရှိ ကာကွယ်ဆေးထိုးပေးရာ စင်တာကို တွေ့ရစဉ်။

# ပါကစ္စတန် အနောက်တောင်ပိုင်း၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် မတ် ၆**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချစ္စတန် ပြည်နယ်တွင် မတ် ၅ ရက်က မြေမြှုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးဒဏ်ရာရပြီး ငါးဦးသေဆုံးခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဘာဘာခွါချ်ဒေသတွင် အလုပ်သမားများ တင်ဆောင်လာသည့် ကားက မြေမြှုပ်မိုင်းထိ၍ ပေါက်ကွဲမှုကြောင့်ဖြစ်သည်ဟု ခရိုင်ဒုတိယကော်မရှင်နာ ယာဆီယာခန်ဘဇိုင်း က ဒေသတွင်းမီဒီယာများကို ပြောသည်။

ကယ်ဆယ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာသို့ လျင်မြန်စွာ ရောက်ရှိလာခဲ့ပြီး အလောင်းများကို သယ်ဆောင်ကာ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ သယ်ဆောင်ပေးခဲ့သည်။ အလုပ်သမားလေးဦးမှာ အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့ရသည်။

ဒဏ်ရာရရှိသူများမှာလည်း စိုးရိမ်ရသည့်အခြေအနေတွင် ရှိသည်ဟု သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယင်းနေရာတစ်ဝိုက်တွင် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ ယခုအချိန်အထိ ပေါက်ကွဲမှုမှာ မည်သည့်အုပ်စု၏လက်ချက်ဖြစ်ကြောင်း မသိရသေးပေ။

ဆင်ဟွာ

# မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၂၀ တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်း လေးသိန်းကျော်ရှိ

**ရာဘတ် မတ် ၆**

မော်ရိုကိုနိုင်ငံတွင် မတ် ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၂၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၄၈၅၅၆၇ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်းမှာ ၄၇၁၄၁၀ ရှိလာပြီဖြစ်ကြောင်း သိရသည်။

မတ် ၅ ရက်က ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူ လေးဦးထပ်မံတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၈၆၇၃ ဦးအထိ တိုးလာကြောင်း သိရသည်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေကို ဆိုးရွားစွာ ခံစားနေရပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသပေးနေသူပေါင်း ၃၆၆ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ သေဆုံးမှုနှုန်းသည် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကောင်းမွန်လာနှုန်းသည် ၉၇ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ပထမအကြိမ် ထိုးနှံပြီးသူပေါင်း ၃၈၇၇၆၈၇ ဦးအထိ ရှိလာပြီး ၄၉၉၉၄၂ ဦးမှာ ကိုဗစ်-၁၉ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် ရောက်ရှိလာပြီးနောက် မော်ရိုကိုနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဇန်နဝါရီ ၂၈ ရက်က စတင် ထိုးနှံပေးခဲ့သည်။

ဆင်ဟွာ



မော်ရိုကိုနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။




ကိုဗက်အစီအစဉ်မှ ပေးပို့လာသော ကာကွယ်ဆေးများကို တွေ့ရစဉ်။

# ကိုဗက်အစီအစဉ်မှ ကာကွယ်ဆေး ၂ ဒသမ ၂ သန်းကို အီသီယိုပီးယားနိုင်ငံ လက်ခံရရှိမည်

**အဒစ်အဘာဘာ မတ် ၆**

အီသီယိုပီးယားနိုင်ငံသည် မတ်၇ ရက်တွင် ကိုဗက်အစီအစဉ်မှပထမဆုံးအကြိမ်ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂ သန်းရရှိရန် မျှော်မှန်းထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၅ ရက်က ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးစားပေးအုပ်စုလိုက် ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး အစီအစဉ်များကို အသေးစိတ်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် အဆိုပါဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ကာကွယ်ဆေးထိုးအစီအစဉ်သည် လာမည့်သီတင်းပတ်အနည်းငယ်တွင် စတင်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

အီသီယိုပီးယားနိုင်ငံသည် ကာကွယ်ဆေးကိုးသန်းအထိ ရရှိရန် မျှော်လင့်ထားပြီး ၎င်း၏ လူဦးရေ ၂၀ ရာခိုင်နှုန်းကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ၎င်း၏ မိတ်ဖက်အဖွဲ့များ ပူးတွဲတည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာ ကာကွယ်ဆေးအစီအစဉ်ဖြစ်သည့် ကိုဗက်သည် ကိုဗစ်-၁၉ ကာကွယ်ဆေးသစ်များကို မျှမျှတတနှင့် ဖြန့်ဝေနိုင်ရေး၊ ထုတ်လုပ်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ချက်ထား လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဂီနီနိုင်ငံတွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံခြင်းစတင်

**ကာနေလ်ခရီလ် မတ် ၆**

ဂီနီနိုင်ငံမြို့တော် ကာနေလ်ခရီလ်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများဖြင့် တရားဝင် ကာကွယ်ဆေး ထိုးနှံခြင်း အစီအစဉ်ကို စတင်ခဲ့ကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ဘာသာရေးဝန်ထမ်းများ၊ အရေးကြီးတာဝန်ထမ်းဆောင်နေသူများနှင့် အသက် ၆၅ နှစ်အထက်ရှိသူများကို ဦးစားပေးအစီအစဉ်ဖြင့် ပထမဆုံး ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ရယ်မီလာမာ့က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများဖြင့် ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်သည် ကျန်းမာရေးလုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်သလို ကပ်ရောဂါတိုက်ဖျက်ရန်လည်း မျှော်လင့်ချက် ပိုမိုရရှိစေမည်ဖြစ်ကြောင်း ပထမဆုံး ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့သည့် ကျန်းမာရေးဝန်ထမ်း တစ်ဦးဖြစ်သူ မိုဟာမက်ကွန်တီက ပြောကြားလိုက်သည်။

တရုတ်နိုင်ငံမှ လှူလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်သည် ကာနေလ်ခရီလ်မြို့သို့ မတ် ၃ ရက်က ရောက်ရှိလာခဲ့သည်။

ဂီနီနိုင်ငံတွင် မတ် ၅ ရက်အထိ ကိုဗစ်-၁၉ လူနာ ၁၆၄၂၀ ရှိခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၉၃ ဦးရှိခဲ့သည်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၅၀၉၁ ဦးရှိလာခဲ့သည်။

ဆင်ဟွာ



ဂီနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ထိုးပေးနေသည်ကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄ ဦးရှိလာ

**ဘန်ကောက် မတ် ၆**

ထိုင်းနိုင်ငံ၌ မတ် ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄ ဦးရှိခဲ့ပြီး အများစုမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးအဖွဲ့၏ သတင်းဖော်ပြချက်အရ သိရသည်။

မတ် ၆ ရက်က ကူးစက်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ အတည်ပြုလူနာများအနက် ၅၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၁၀ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးအဖွဲ့က ဆက်လက်ထုတ်ပြန်ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၆၃၀၅ ဦးရှိပြီး ၎င်းတို့အနက် ၂၃၄၇၂ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကာ ၂၈၃၃ ဦးမှာ ပြည်ပကူးစက်မှုများဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၅၆၈၆ ဦးမှာ ပြန်လည်ကောင်းမွန်လာခဲ့ပြီး ဆေးရုံမှ ဆင်းသွားကြပြီဖြစ်ကာ ၅၃၄ ဦးမှာ လတ်တလောတွင် ဆေးရုံတင်ထားရပြီး ၈၅ ဦးမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးအဖွဲ့က သတင်းဖော်ပြထားသည်။

ဆင်ဟွာ

# ကာကွယ်ဆေး တိုးတက်ထုတ်လုပ်ဖို့ အစ္စရေး၊ ဒိန်းမတ်နဲ့ ဩစတြီးယားတို့ သုံးနိုင်ငံ မိတ်ဖက်အဖွဲ့အစည်း ထူထောင်လိုက်ပြီ

*ထွန်းကျော်*

**အစ္စရေး၊ ဩစတြီးယားနဲ့ ဒိန်းမတ်နိုင်ငံခေါင်းဆောင်တွေဟာ ဂျေရုဆလင်မှာ ကြေညာချက်ထုတ်ပြန်ခဲ့ကြပါတယ်။ အဲဒီကြေညာချက်မှာ သုံးနိုင်ငံမဟာမိတ်တွေဟာ အနာဂတ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး တိုးတက်ထုတ်လုပ်နိုင်ရေးကို သဘောတူညီခဲ့ကြပါတယ်။ ဒီသဘောတူညီချက်ကို ဥရောပမှာတော့ ဝေဖန်မှုတွေမြင့်တက်နေတယ်လို့ သိရပါတယ်။**



အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၊ ဩစတြီးယားဝန်ကြီးချုပ် ဆီဘက်စ်ရှန်ကာ့ဇ်နှင့် ဒိန်းမတ်ဝန်ကြီးချုပ် မက်တီ။

## အနာဂတ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ဖို့

အဲဒီသုံးနိုင်ငံဟာ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို စတင်ထူထောင်ခဲ့ပြီး အနာဂတ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရီဒရစ်စကန်နဲ့ ဩစတြီးယားဝန်ကြီးချုပ် ဆီဘက်စ်ရှန်ကာ့ဇ်နဲ့အတူ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

မိမိတို့အနေနဲ့ လက်ရှိကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်လောက်ကြာကြာ ထိန်းသိမ်းထားနိုင်မလဲဆိုတာ တပ်အပ်မပြောနိုင်သေးဘူးလို့ နေတန်ယာဟုက ပြောပါတယ်။ နှစ်ဝက်လား၊ တစ်နှစ်လား၊ နှစ်နှစ်လား၊ အဲဒီထက်ပိုလား၊ အဲဒီထက်နည်းလား မိမိတို့မသိဘူးလို့ နေတန်ယာဟုက ပြောပါတယ်။

## ကိုရိုနာဗိုင်းရပ်စ် ရောဂါသစ်မှ ကာကွယ်ဖို့လို

ဒါကြောင့် မိမိတို့ဟာ မိမိတို့ရဲ့ ပြည်သူတွေကို ကိုဗစ်-၁၉ ကပ်ရောဂါမှ ကာကွယ်ဖို့ သို့မဟုတ် အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ရောဂါသစ်မှ ကာကွယ်ဖို့ လိုအပ်ပါတယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။ သို့သော်လည်း ဘယ်လောက်ရန်ပုံငွေ စိုက်ထည့်ထားသလဲ သို့မဟုတ် ဘယ်လောက်ရည်ရွယ်ချက်ထား ထုတ်လုပ်သွားမလဲဆိုတာကိုတော့ မဖော်ပြခဲ့ပါဘူး။

ဖရီဒရစ်စကန်ဒေသ နိုင်ငံသုံးနိုင်ငံလုံးက သုတေသနလုပ်ငန်းကို ကတိပေးလုပ်ကိုင်ကြမှာဖြစ်ပြီး အဲဒါက နောက်ထပ်အလားအလာတွေအတွက် လမ်းခင်းပေးလိုက်သလို ဖြစ်လာမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ လူသားများတွင် စမ်းသပ်မှုများနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်လို့ ပြောကြားလိုက်ပါတယ်။

## ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုပေးဖို့ နှေးကွေး

ဒိန်းမတ်နဲ့ ဩစတြီးယားနိုင်ငံတွေဟာ ဥရောပအဖွဲ့ဝင်နိုင်ငံတွေဖြစ်ပြီး အစ္စရေးရဲ့ မိတ်ဖက်ဖြစ်လာခြင်းနဲ့ပတ်သက်ပြီး အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ပြင်သစ်နိုင်ငံက ဝေဖန်ခဲ့ပါတယ်။ ပြင်သစ်နိုင်ငံက ဥရောပရဲ့ မူဘောင်အတွင်း အကောင်းဆုံးစည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းရမှာဖြစ်ကြောင်း ပြောကြားထားပါတယ်။

ဥရောပဆေးဝါးအဖွဲ့ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုပေးဖို့ နှေးကွေးလွန်းတယ်လို့ ကာ့ဇ်က မဟာမိတ်သုံးနိုင်ငံကို ပြောကြားလိုက်ပါတယ်။ သို့သော်လည်း ဒီလိုပြောကြားချက်ကိုတော့ ပြင်သစ်က ကာကွယ်လိုက်ပါတယ်။ ဥရောပဆေးဝါးအဖွဲ့ဟာ ဥရောပမူဘောင်အတွင်းမှာ ကာကွယ်ဆေးလိုအပ်ချက်တွေကို အကောင်းဆုံး အဖြေရှာနေတာပါလို့ ပြင်သစ်က ပြောကြားလိုက်ပါတယ်။

## ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုကို ဒီဇင်ဘာလမှာ စတင်

ပြင်သစ်က ဒါဟာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း စည်းလုံးညီညွတ်မှုကို အာမခံချက်ပေးလိုက်တာဖြစ်ပြီး အရင်ကထက်ပိုပြီး အရေးပါလာတယ်လို့ ပြောကြားလိုက်ပါတယ်။ ဒါပေမယ့်လည်း ကာ့ဇ်က ဒီအရေးကို ဥရောပသမဂ္ဂနဲ့ ပူးပေါင်းဖို့ လိုနေသလို တစ်ကမ္ဘာလုံးနဲ့လည်း ပူးပေါင်းဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုက်ပါတယ်။ အစ္စရေးဟာ ကိုဗစ်-၁၉ ကို ကာကွယ်နိုင်တဲ့ ကမ္ဘာ့ပထမဆုံး နိုင်ငံဖြစ်ပါတယ်လို့ ကာ့ဇ်က ပြောကြားလိုက်ပါတယ်။

အစ္စရေးဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးအမြောက်အမြား ထိုးနှံမှုကို ဒီဇင်ဘာလမှာ စတင်ခဲ့ပါတယ်။ အမေရိကန်ဆေးဝါး ကုမ္ပဏီ ဖိုက်ဇာနဲ့ ဂျာမန်ဆေးဝါးကုမ္ပဏီ ဘိုင်ရွန်တက်ခ်တို့က ထုတ်လုပ်တဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ လူဦးရေ ထက်ဝက်ကျော် ကာကွယ်ဆေးထိုးပေးပြီးပြီဖြစ်ပါတယ်။

## ကာကွယ်ဆေး အလျင်အမြန်ဖြန့်ဝေပေးနိုင်ခြင်းရဲ့အကျိုး

ကာကွယ်ဆေး အလျင်အမြန်ဖြန့်ဝေပေးနိုင်တာကြောင့် အခုဆိုရင် ဈေးဆိုင်တွေနဲ့ ပြည်သူ့လူ့ပ်ရှားဆောင်ရွက်မှုတွေကို အတိုင်းအတာတစ်ခုအထိ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်တော့မှာ ဖြစ်ပါတယ်။ အားကစားစင်တာလိုမျိုး နေရာတွေမှာတော့ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံခံပြီးတဲ့ လူတွေက ဝန်ဆောင်မှုပေးမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ လက်မောင်းတွေမှာ အစိမ်းရောင်တံဆိပ်ကို တင်ဆင်ထားမှာ ဖြစ်ပါတယ်။

## မဟာမိတ်ပြုရေး တံခါးဖွင့်လှစ်ထား

နေတန်ယာဟုဟာ တခြားနိုင်ငံတွေကိုလည်း သူတို့နဲ့အတူ မဟာမိတ်ပြုရေး တံခါးဖွင့်လှစ်ထားတယ်လို့လည်း ပြောကြားထားပါတယ်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျန်ဗက်လီဒရီယန်ကတော့ ဥရောပရဲ့ ကာကွယ်ရေးမူဝါဒတွေမှာ ချို့ယွင်းချက်၊ အားနည်းချက်ရှိတယ်ဆိုတာကိုတော့ ဝန်ခံခဲ့ပါတယ်။

ဩစတြီးယားအိမ်နီးချင်းဖြစ်တဲ့ ချက်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံနဲ့ စလိုဗက်ကီးယားနိုင်ငံတို့ကတော့ ရုရှားနဲ့ တရုတ်နိုင်ငံတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို အသုံးပြုဖို့ ကြိုးစားဆောင်ရွက်နေကြပါတယ်။ ဥရောပဟာ အခုနှစ် ပထမသုံးလမှာ ကာကွယ်ဆေးဖြန့်ဝေမှုမှာ ပြတ်လပ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

## ဥရောပသမဂ္ဂကတော့ ယုံကြည်ချက်အပြည့်အဝဖြစ်နေ

ကာကွယ်ဆေးထုတ်လုပ်၊ ထောက်ပံ့ပို့ဆောင်မှုတွေမှာ အကျပ်အတည်းတွေဖြစ်ပြီး လပေါင်းအတော်ကြာပြီးနောက်မှာတော့ ဥရောပသမဂ္ဂဟာ ဒီနှစ်နွေရာသီအကုန်မှာ သူ့ရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ ရည်မှန်းချက်အပေါ် ယုံကြည်ချက်အပြည့်အဝ ဖြစ်နေပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၂ ဒသမ ၅ သန်းကျော် သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာလည်း ၁၁၃ သန်းနီးပါး ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဝေမှုကတော့ စင်းလုံးချောအခြေအနေ မရောက်သေးပါဘူး။ ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာနဲ့ ချမ်းသာပြည့်စုံတဲ့နိုင်ငံတွေမှာ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၂၁၇ သန်း ထိုးနှံပြီးပြီဖြစ်ပြီး ဘရာဇီးနိုင်ငံမှာတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိဖို့ အတော်လေးကြိုးစားဆောင်ရွက်နေရပါတယ်။

ဥရောပကော်မရှင်ကတော့ ဘယ်လိုပဲဆိုဆို အစ္စရေး-ဩစတြီးယား- ဒိန်းမတ်သုံးနိုင်ငံ မဟာမိတ်လုပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တိုးတက်ထုတ်လုပ်ရေးကြိုးစားမှုအပေါ် ခပ်မြန်မြန်ပါပဲ။ ကိုဗစ်-၁၉ ကို တုံ့ပြန်ဖို့ ဥရောပသမဂ္ဂအနေနဲ့ ဖြစ်နိုင်တဲ့ နည်းလမ်းတွေကို အကောင်းဆုံး ရှာဖွေနေပါတယ်။ ဒီအပေါ်မှာ သဘောထားချင်း မတိုက်ဆိုင်စရာမရှိပါဘူးလို့ ဥရောပသမဂ္ဂကော်မရှင်နာ အဲရစ်မာမာက ပြောကြားလိုက်ပါတယ်။

## ကိုဗစ်-၁၉ ကာကွယ်ဖို့လုပ်ဆောင်

လတ်တလောမှာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံတွေဟာ သူတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဆောင်ရွက်မှုတွေကို အရှိန်အဟုန်ကောင်းကောင်းနဲ့ လုပ်ဆောင်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့နိုင်တဲ့ နိုင်ငံတွေအနေနဲ့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို ချက်ချင်းချမှတ် ဖော်ဆောင်လျက်ရှိပါတယ်။

လက်ရှိအချိန်မှာတော့ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာ နှစ်သန်းကျော်လွန်လာပြီဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အစိုးရအတော်များများဟာ ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်ဖို့ ကာကွယ်ဆေးအမြောက်အမြား ထုတ်လုပ်နိုင်မှုအပေါ် အလောင်းအစားလုပ်နေရသလိုပါပဲ။ အလားတူပဲ တင်းကျပ်တဲ့ ပိတ်ဆို့မှုတွေကိုလည်း တစ်ပြိုင်နက်တည်းချမှတ်ဖို့ လုပ်ဆောင်ခဲ့ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုလို သုံးနိုင်ငံ ပေါင်းစပ်ပြီး ကာကွယ်ဆေး တိုးတက်ထုတ်လုပ်ဖို့ဆိုတာက သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့ ကိုဗစ်-၁၉ ကို ကာကွယ်ဖို့ အကောင်းဆုံးလုပ်ဆောင်ထားတယ်လို့ သုံးသပ်ရမလို နောက်ထပ်ပါဝင်မယ့်နိုင်ငံတွေကိုလည်း ဖိတ်ခေါ်ထားတဲ့အတွက် အနာဂတ်မှာ ပါဝင်ဖက်နိုင်ငံတွေ ဒီထက်ပိုများလာမလားဆိုတာကတော့ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ကိုဗစ်-၁၉ ကပ်ဆိုးကြီးကို ကမ္ဘာပေါ်က ပျောက်ကွယ်စေချင်ကြပါပြီ။ ။

**ကိုးကား-အေအက်ဖ်ပီ**

**“ဩစတြီးယားအိမ်နီးချင်းဖြစ်တဲ့ ချက်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံနဲ့ စလိုဗက်ကီးယားနိုင်ငံတို့ကတော့ ရုရှားနဲ့ တရုတ်နိုင်ငံတို့ရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို အသုံးပြုဖို့ ကြိုးစားဆောင်ရွက်နေကြပါတယ်။ ဥရောပဟာ အခုနှစ် ပထမသုံးလမှာ ကာကွယ်ဆေးဖြန့်ဝေမှုမှာ ပြတ်လပ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်”**

## ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုများအား ကြည့်ရှုအားပေး

**ဘားအံ မတ် ၆**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မတ် ၆ ရက် နံနက်ပိုင်းက ဘားအံမြို့တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများဦးဆောင်၍ ဆရာတော်၊ သံဃာတော်များ၊ ဝန်ထမ်းများနှင့်ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးရန်လာရောက်ကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘားအံမြို့နယ်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးစုရပ်(၄)နေရာခွဲထားပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကာ စုရပ်တစ်ခုလျှင် တစ်ရက် လူ ၂၀၀ ကျော်ခန့်မျှော်မှန်း၍ မတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တာကာလအတွင်း လူဦးရေ ၂၅၀၀ ခန့်ကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေ




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## ၆-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၅၉၃၇၀၄ | ၂၀၁၈၃၃၂၉ | ၅၃၅၅၆၃ |
| ၂။ | အိန္ဒိယ | ၁၁၁၉၂၀၈၈ | ၁၀၈၅၄၁၂၈ | ၁၅၇၆၉၃ |
| ၃။ | ဘရာဇီး | ၁၀၈၇၁၈၄၃ | ၉၆၇၁၄၁၀ | ၂၆၂၉၄၈ |
| ၄။ | ရုရှား | ၄၃၁၂၈၈၁ | ၃၉၀၀၃၄၈ | ၈၈၇၂၆ |
| ၅။ | ဗြိတိန် | ၄၂၀၇၃၀၄ | ၃၁၄၄၅၆၇ | ၁၂၄၂၆၁ |
| ၆။ | ပြင်သစ် | ၃၈၅၉၁၀၂ | ၂၆၃၉၁၉ | ၈၈၂၇၄ |
| ၇။ | စပိန် | ၃၁၄၉၀၁၂ | ၂၇၄၄၆၆၄ | ၇၁၁၃၈ |
| ၈။ | အီတလီ | ၃၀၂၃၁၂၉ | ၂၄၆၇၃၈၈ | ၉၉၂၇၁ |
| ၉။ | တူရကီ | ၂၇၅၇၄၆၀ | ၂၆၀၈၈၄၈ | ၂၈၉၀၁ |
| ၁၀။ | ဂျာမနီ | ၂၄၉၃၈၈၇ | ၂၂၉၉၄၀၀ | ၇၂၂၉၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၆ – ၃ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၇၃၈၃၆ | ၁၁၈၉၅၁၀ | ၃၇၁၅၄ |
| ဖိလစ်ပိုင် | ၅၉၁၁၃၈ | ၅၃၅၃၅၀ | ၁၂၄၆၅ |
| မလေးရှား | ၃၁၁၇၇၇ | ၂၈၉၄၅၂ | ၁၁၆၆ |
| မြန်မာ | ၁၄၂၀၂၃ | ၁၃၁၆၅၈ | ၃၂၀၀ |
| စင်ကာပူ | ၆၀၀၂၀ | ၅၉၈၇၀ | ၂၉ |
| ထိုင်း | ၂၆၃၀၅ | ၂၅၆၈၆ | ၈၅ |
| ဗီယက်နမ် | ၂၅၀၁ | ၁၉၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၉၅၃ | ၄၉၁ | ၀ |
| ဘရူနိုင်း | ၁၈၉ | ၁၈၂ | ၃ |
| လာအို | ၄၇ | ၄၂ | ၀ |

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၅၁၆၈၉ ဦး၊ အတွင်းလူနာ ၃၅၁၄ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၂၂၈၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၂၉ ဦး၊ စုစုပေါင်း ၃၅၁၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၃၀၅ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၉၅၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၃၂၅၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်လွင်ဦးမြို့ရှိ တပ်မတော်ဆေးရုံနှင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ တပ်မတော်ဆေးရုံတို့တွင် တက်ရောက်ကုသနေသော ဒေသခံပြည်သူများအတွက် သွေးလိုအပ်ချက် မရှိစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက် ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဘုတ်ပြင်းမြို့ တပ်မတော်ဆေးရုံ၌ ဆေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူတစ်ဦးအား ခွဲစိတ်ကုသပေးစဉ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်စီမံကိန်းဝန်ကြီးဟောင်း ဦးစိုးညွန့်လွင်အား ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူ ဦးစိုးညွန့်လွင်နှင့် ဦးအောင်ဇော်သန့်တို့ကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၆**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရေဝတီလမ်း အိမ်အမှတ်(၃/၁၄)နေ ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဟောင်း ဦးစိုးညွန့်လွင် (ဘ) ဦးမောင်ဆန်း အသက်(၅၀နှစ်)ကို တောင်ကြီးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်ထွန်းက နိုင်ငံတော်အစိုးရနှင့် ငြိမ်ဝပ်ပိပြားရေး ထိခိုက်စေသော ပြစ်မှုကိုကျူးလွန်ခဲ့သဖြင့် ဥပဒေအရ အရေးယူပေးပါရန် တောင်ကြီးမြို့နယ် တရားရုံးသို့ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဦးတိုက်လျှောက်ထားခဲ့ရာ တောင်ကြီးမြို့နယ် တရားရုံးမှ အမှုကြီးအမှတ်၊ (၁၄၉/၂၀၂၁)၊ ရာဇသတ်ကြီး ပုဒ်မ၊ ၅၀၅ (ခ)ဖြင့် ဖေဖော်ဝါရီ ၁၆ ရက်တွင် အမှုဖွင့်ထားရှိပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိစဉ် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပြည်သာယာလမ်းထောင့်အနီးရှိ ဦးအောင်ဇော်သန့်၏ နေအိမ်တွင် ပုန်းအောင်းခိုလှုံလျက်ရှိကြောင်း သတင်းရရှိသဖြင့် ယနေ့ နံနက် ၁ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အမှုဖြင့် တိမ်းရှောင်နေသော ဦးစိုးညွန့်လွင်အား ဖမ်းဆီးရမိခဲ့သည်။ ဦးစိုးညွန့်လွင်အား လက်ခံထားရှိသည့် ဦးအောင်ဇော်သန့်(ဘ) ဦးတင်အောင်၊ ဦးမင်းမင်း(ဘ)ဦးလှတင်နှင့် ဦးရဲလှိုင်(ဘ)ဦးလှထွန်းတို့ကိုလည်း အမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေမှန်းသိလျက် လက်ခံထားရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မတ် ၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ ဗထူးတပ်မြို့၊ ကလောမြို့၊ မိုင်းနဲမြို့၊ မောက်မယ်မြို့၊ နမ့်စန်မြို့၊ လဲချားမြို့၊ မိုင်းနောင်မြို့နယ်ခွဲ၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် လင်းခေးမြို့နှင့် ကယားပြည်နယ် ဖားဆောင်းမြို့၊ ဘောလခဲမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများ၊ အခြေခံပညာမူလတန်းကျောင်းများ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့၊ မိုင်းယောင်းမြို့နယ်နှင့် တာလေမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများ၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ဟင်္သာတမြို့၊ မအူပင်မြို့နှင့် မြောင်းမြမြို့များရှိ အခြေခံပညာစာသင်ကျောင်းများ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ပေါက်တောမြို့၊ မြေပုံမြို့နှင့် မြောက်ဦးမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အခြေခံပညာမူလတန်းကျောင်းများ၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ ရေနီမြို့၊ ပြည်မြို့နှင့် ဆင်တဲမြို့တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့၌ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မံစီမြို့တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**မံစီ မတ် ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘာသာရေး အသင်းအဖွဲ့များ၊ အသက်(၆၅နှစ်)နှင့် အထက်ရှိ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးခြင်းကို မတ် ၅ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (COVISHIELD)ထိုးနှံခြင်း လုပ်ငန်းများကို မံစီမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများကတာဝန်ယူ၍လည်းကောင်း၊ တိုင်းရင်းဆေးရုံ၌ နယ်မြေခံတပ်မှ ဆေးမှူး ဗိုလ်ကြီး သက်ထက်ဇော်နှင့် ဗိုလ်ကြီး ထက်နိုင်ဇော် ဦးဆောင်သည့် တပ်ဖွဲ့များက တာဝန်ယူ၍လည်းကောင်း ထိုးနှံဆောင်ရွက်ပေးလျက်ရှိရာ ကြက်ခြေနီ အသင်းဝင်များကလည်း ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန် တိုင်းတာခြင်း စသည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးသည့်သူများအနေဖြင့် ရက်သတ္တပတ် လေးပတ်ခြားပြီး နှစ်ကြိမ်မြောက် ထပ်မံထိုးနှံရမည်ဖြစ်ကာ ဧပြီ ၂ ရက်တွင် ဒုတိယအကြိမ် ပြန်လည်ထိုးနှံပေးရမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးဖြစ်ပွားမှု၊ ထောက်ပံ့မှု၊ ကြိုတင်ကာကွယ်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန်  မတ်  ၆**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာကေသီကျော်က ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အမျိုးသမီးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မသန်စွမ်းသူပြုစုစောင့်ရှောက်ရေး၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ ဝယ်ယူရေးများအပါအဝင် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအဆင့် ကော်မတီများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် ဝန်ကြီးဌာန၏ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးက သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးဒဏ်ရာရ လူနာများ ထောက်ပံ့ခြင်း၊ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ဖြစ်ပွားမှုအခြေအနေများနှင့် ထောက်ပံ့မှုများ၊ သဘာဝဘေး ကိုးမျိုးကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများနှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအဆင့် ကော်မတီများ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ပြည်သူလူထုကို အမြန်ဆုံးဝန်ဆောင်မှုပေးရန်၊ မူလတန်းကြိုကျောင်း ဖွင့်လှစ်ခွင့်လျှောက်ထားမှု၊ သက်ကြီးစောင့်ရှောက်ရေးဂေဟာများနှင့် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ခွင့် လျှောက်ထားမှုအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်၊ အသက် ၈၅ နှစ်အထက် ဘိုးဘွားများကို သုံးလတစ်ကြိမ် ထောက်ပံ့ကြေး ငွေကျပ် သုံးသောင်း ထောက်ပံ့ပေးနေမှု စနစ်တကျရှိစေရေးနှင့် နွေရာသီတွင် သတိပြုရမည့် မီးဘေးနှင့် မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သည့် လေဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တကျဖြစ်စေရေး၊ သိုလှောင်ရုံတွင် ထိန်းသိမ်းထားသော ထောက်ပံ့ရေးပစ္စည်းများ ပျက်စီးလေလွင့်မှုမရှိစေရေး၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ရွှေဘို-ရေဦး အများပြည်သူသွားကားလမ်းအား အတားအဆီးများချ၍ ပိတ်ဆို့ဆန္ဒပြသူနှစ်ဦးအား အမှုဖွင့်အရေးယူထား

**နေပြည်တော်  မတ်  ၆**

ရွှေဘို-ရေဦး အများပြည်သူသွားကားလမ်းအား အတားအဆီးများချ၍ ပိတ်ဆို့ဆန္ဒပြသူနှစ်ဦးအား အမှုဖွင့် အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အတွင်း လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးနှင့် အများပြည်သူ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာဒေသအနှံ့အပြားတွင် နေ့/ညမပြတ် တာဝန်ဝတ္တရားများ ထမ်းဆောင်လျက် ရှိကြောင်း။



ထိုသို့ ဆောင်ရွက်စဉ် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရွှေဘိုမြို့ ရွှေဘို-ရေဦးကားလမ်း၌ ဆူပူအော်ဟစ်ဆန္ဒပြသူ ခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၅၀ ခန့်သည် လူစုလူဝေးပြုလုပ် ဆူပူအော်ဟစ်ကာ အများပြည်သူသွားကားလမ်းအား ထဘီကြိုးတန်းတန်း၍ သစ်သားပိုင်းနှင့် ကားတာယာကွင်းများ အသုံးပြုကာ တားဆီးပိတ်ဆို့ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဥပဒေနှင့်အညီ သွားရောက်ထိန်းသိမ်းလူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်




ဖမ်းဆီးရမိသည့် လမ်းပိတ်ဆို့ ဆန္ဒပြသူနှစ်ဦး။

လူစုကွဲသွားခဲ့ပြီး ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သူ သီဟနိုင် (၂၁)နှစ် (ဘ)ဦးဘိုငွေး အမှတ်(၁၀) ရပ်ကွက် ရွှေဘိုမြို့နေသူပါနှစ်ဦး တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း။

အများပြည်သူသွား ကားလမ်းအား အတားအဆီးများ ချထားပိတ်ဆို့ကာ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်၍ ဆူပူအော်ဟစ်ဆန္ဒပြခဲ့သူ သီဟနိုင် ပါနှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းထောင့်၌ ဗုံးအတုတစ်လုံးတွေ့ရှိ

**နေပြည်တော်  မတ်  ၆**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အများပြည်သူတို့၏ လုံခြုံရေးနှင့် စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးတို့အတွက် နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်စဉ် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဗိုလ်မှူးဖိုးကွန်းလမ်းထောင့် မင်းကြီးညိုရုပ်တုအနီး ခရိုင်စာရင်းစစ်ရုံး၏အနောက်ဘက် ကျုံးဘေးလမ်းသွယ် ထရန်စဖော်မာရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသန္တရဗုံးဟုယူဆရသော အရာဝတ္ထုတစ်ခုကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ကွန်ကြူပိုက် ၅ မူးလုံး အလျား ၆ လက်မခန့်ရှိ ပိုက် ၆ လုံးကို နှိုးစက်နာရီအသေးဖြင့်တွဲလျက် ချိန်ကိုက်ဗုံးပုံစံကဲ့သို့ ပြုလုပ်ထားသော ဗုံးအတုတစ်လုံးဖြစ်ကြောင်း သိရှိရပြီး အဆိုပါဗုံးအတုကို ရှင်းလင်းဖျက်ဆီးခဲ့သည်။ **(ယာပုံ)**



ဒေသတည်ငြိမ် အေးချမ်းရေးကို မလိုလားသော အဖျက်အမှောင့်ပြုလုပ်လိုသူ လူတစ်စုက အေးချမ်းစွာနေထိုင်သော ဒေသခံပြည်သူလူထုအား အထိတ်တလန့်ဖြစ်ပွားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားမြို့နယ်များတွင်လည်း ယင်းကဲ့သို့ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ပြုမူဆောင်ရွက်ခြင်းမျိုးများ ပြုလုပ်နိုင်သဖြင့် မိဘပြည်သူများအနေဖြင့် ဂရုပြုနေထိုင်ရန် လိုအပ်ကြောင်းနှင့် မသင်္ကာဖွယ်ရာများ တွေ့ရှိရပါကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရန် လိုအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များတွင် ဆူပူအော်ဟစ်ဆန္ဒပြခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရ

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များတွင် ဆူပူအော်ဟစ် ဆန္ဒပြခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဥပဒေနှင့် အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်ဦးတစ်ယောက်၊ တစ်ပါတီအဖွဲ့အစည်းအပေါ် သစ္စာခံကာ အမှန်တရားကို မျက်ကွယ်ပြုပြီး နိုင်ငံတော် မတည်မငြိမ်ဖြစ်စေရေးကို မြေပေါ်/မြေအောက်အဖွဲ့အစည်းပေါင်းစုံက ငွေကြေးအမြောက်အမြား အကုန်အကျခံကာ နေရာအနှံ့အပြားတွင် (ကွန်ရက်)သဖွယ် လှုံ့ဆော်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အတွင်း ယနေ့တွင် လူစုလူဝေးဖြင့် ဆန္ဒပြဖြစ်စဉ်များ၊ လူသွားလမ်းများအား အတားအဆီးများဖြင့် ပိတ်ဆို့မှုဖြစ်စဉ်များ၊ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များ၊ အသံမြည်ဗုံး၊ မျက်ရည်ယိုဗုံးများ အသုံးပြု၍ ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။



၂၀၂၁ ခုနှစ်၊ မတ်လ ၆ ရက်တွင် အချို့မြို့နယ်များ၌ ဆူပူအော်ဟစ် ဆန္ဒပြခဲ့သည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဆူပူအော်ဟစ်ဆန္ဒပြခဲ့သည့် ဖြစ်စဉ်များအနေ ဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း၊ အလုံ၊ ဗဟန်း၊ ရွှေပြည်သာ၊ အင်းစိန်၊ စမ်းချောင်း၊ သန်လျင်နှင့် သာကေတမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ကရင်ပြည်နယ် မြဝတီမြို့နယ်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တို့တွင် ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းခဲ့ရကြောင်း။

ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရာတွင် ဆူပူအုံကြွမှုနည်းပါးသော ဒေသများရှိ လူငယ်များအား နောက်ကွယ်ရှိ တိမ်းရှောင်ပုန်းခိုနေသူများက ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကောလာဟလနည်းမျိုးစုံဖြင့် မခံမရပ်နိုင်အောင် နှိုးဆွခြင်း၊ လူငယ်ထု၏ စိတ်ခံစားမှုကို တက်ကြွလာအောင် ငွေကြေးထောက်ပံ့မှုများ အပါအဝင် နည်းမျိုးစုံအသုံးပြုခြင်းများကို မပြတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပြည်သူလူထုအနေဖြင့် မိမိတို့၏ သားသမီးများ၏ အနာဂတ်ဘဝများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**











## တန့်ယန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် တစ်နှစ်အောက် ကလေးငယ်များ ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ညှိနှိုင်းစည်းဝေး

**တန့်ယန်း မတ် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် တစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက အမှာစကား ပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးနေလင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် တစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ဖြည့်စွက်ဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် တာဝန်ရှိမြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




### ပန်းနာရင်ကျပ်ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ဓာတ်မတည့်သောအရာများကို သာမန်ထက်ပို၍ တုံ့ပြန်မှု များပြားလာခြင်းကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များရောင်ရမ်းသည့်ရောဂါ ဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများ**

- အသက်ရှူစဉ် ရှီရှီမြည်ခြင်း
- ချောင်းခြောက်ဆိုးပြီး အသက်ရှူမဝခြင်း
- မောပန်းလွယ်ခြင်း
- စူးရှသောအနံ့ရလျှင်၊ စိတ်လှုပ်ရှားလျှင်၊ အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ်ချောင်းဆိုးလာခြင်း
- ဖြစ်နေကျအချိန်တွင် ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်း စသည်ဖြင့်)
- ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း
- အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့သုံးစွဲလျှင် ရင်ကျပ်ခြင်း

**ကာကွယ်ကုသရေး နည်းလမ်းများ**

- ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ဓာတ်မတည့်သောအရာများ ရှောင်ရှားပါ။
- နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၃ - ၂၀၂၁

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၆၉၅ ကျပ် | ၆၇၀/၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၁၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၅/၆၅၅ ကျပ် | ၆၂၅/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၇၅၀/၇၈၀ ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၅ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၅၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၄၉ | ၄၅၅၇၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၆၁ | ၂၁၆၅၅၀ |
| MCB | – | – | – | – |
| FPB | – | – | – | – |
| TMH | – | – | – | – |
| EFR | ၃၂၅၀ | ၃၂၅၀ | ၅၀ | ၁၆၂၅၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊
ဘာသာပြန် စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်မရဲ့ဘဝမှာ CDM လှုပ်ရှားမှုက အကြီးမားဆုံး ရလိုက်တဲ့ သင်ခန်းစာပဲ၊ အခုတော့ အပြင်အလုပ်သစ်တစ်ခု မဖြစ်မနေ ပြန်ရှာရတော့မယ်

**မလွင်လွင်အေး**

## အင်တာဗျူး - မြင့်မိုရ်

CDM (Civil Disobedience Movement) လှုပ်ရှားမှု၊ ဆူပူအကြမ်းဖက်မှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံရေးအမြတ်ထုတ် ဦးဆောင်သူများ၏လုပ်ရပ်များသည် ယခုအခါ ပြည်သူအများ လိုလားတောင့်တသော ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့်လုပ်ရပ်များကိုသာ ဦးတည်နေသည်။ CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများအား မက်လုံးပေး သွေးထိုးပေးနေခြင်းဖြစ်သည်။ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြည်သူများအား အနှောင့်အယှက်ပေးနေခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ လတ်တလော ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသား ဖော်ပြလိုက်ပါသည်။

### နိုင်ငံရေးအမြတ်ထုတ်နေတဲ့သူ

"ကျွန်တော်က ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု ထောင်ထားတာ သုံးလေးနှစ်ရှိပါပြီ။ ကိုဗစ်- ၁၉ ကပ်ရောဂါနဲ့ CDM လှုပ်ရှားမှု ဆက်သွားတော့ လောလောဆယ်အထိ လုပ်ငန်းတွေက ရပ်ထားရတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ တိုင်းပြည်အေးချမ်းတည်ငြိမ်နေမှ လုပ်ငန်းတွေလုပ်ရတာ ပိုအဆင်ပြေတယ်။ တိုင်းပြည် အခုလိုဆူပူလှုပ်ရှားမှုတွေ ရက်ရှည်ဖြစ်နေတာ မကောင်းဘူး။ အဲဒီအပေါ် အဓိကထိခိုက်တာက အခြေခံလူတန်းစားပဲ။ ဒီCDM လှုပ်ရှားမှုမှာ အများဆုံးပါနေတာကလည်း ဝန်ထမ်းတွေမဟုတ်ဘူး။ အခြေခံလူတန်းစားထဲက လူငယ်တွေများတယ်။ အလယ်အလတ်နဲ့ ပိုက်ဆံရှိတဲ့ အသိုင်းအဝန်းက ဒီလိုလမ်းတွေပေါ်ထွက်ပြီး အဓိပ္ပာယ်မဲ့တာတွေမလုပ်ဘူး။ လုပ်တဲ့သူရှိတောင် အတော်လေးကို နည်းပါတယ်။ ဒါတွေကို လမ်းပေါ်ထွက် အော်ဟစ်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေကို တွန်းအားပေးနေတဲ့ နိုင်ငံရေးအမြတ်ထုတ်သူတွေ အသိဆုံးပဲ။

"ပြီးတော့ မြန်မာနိုင်ငံရဲ့ လုပ်ငန်းအများစုက ပုဂ္ဂလိကဘဏ်တွေကို အားထားပြီး လုပ်ငန်းလည်ပတ်ကြတာများတယ်။ အခုဆို CDM လှုပ်ရှားမှုနဲ့အတူ ဘဏ်တွေ ပိတ်ထားတာ တစ်လကျော်နေပြီ။ ဒီတိုင်းသာ ဆက်သွားနေရင် အခုလ ကျွန်တော့်လုပ်ငန်းခွင် အလုပ်သမား/ဝန်ထမ်းတွေကို ဘယ်လိုတောင် လစာပေးရမလဲ မသိသေးဘူး။ ဆောက်လုပ်ရေးလုပ်ငန်းဆိုတော့ လခစားဝန်ထမ်းရော နေ့စားဝန်ထမ်းတွေပါ ခန့်ထားရတယ်။ အခုလည်း ဒီပုဂ္ဂလိကဘဏ်တွေ ပိတ်ထားတာနဲ့ပတ်သက်ပြီး ပြည်သူတွေအကြားမှာ အတော်လေး ဂယက်ရိုက်နေကြပြီ။ ငွေကြေးလည်ပတ်စီးဆင်းမှုက အတော်လေးကို အားပျော့နေတာ။ နောက်ဆို လုပ်ငန်းရှင်တွေအနေနဲ့ အစိုးရဘဏ်တွေမှာတောင် ငွေကိုပြောင်းထားရမလို ဖြစ်နေပြီ"ဟု ဆောက်လုပ်ရေးကုမ္ပဏီ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးမောင်မောင် (အမည်လွှဲ)က CDM လှုပ်ရှားမှုနဲ့ပတ်သက်ပြီး လတ်တလော ကြုံတွေ့နေမှုများကို ရင်ဖွင့်ခဲ့သည်။

နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုကြောင့် ပုဂ္ဂလိကဘဏ်များမှာ ပြီးခဲ့သော ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ ငွေသွင်း၊ ငွေထုတ်နှင့် ငွေလွှဲမှုလုပ်ငန်းစဉ်များအပါဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ယာယီရပ်နားထားခဲ့သည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအနေဖြင့် ATM စက်များတွင်လည်း ငွေထုတ်ယူရာ၌ အခက်အခဲဖြစ်နေ၍ ယခုအခါ ပြည်သူများအကြား ပုဂ္ဂလိကဘဏ်များ ပြန်လည်ဖွင့်လှစ်ရေးကို အထူးလိုလားတောင့်တလျက်ရှိကြောင်း လုပ်ငန်းရှင် ပြည်သူအများစုထံမှ ကြားသိရသည်။

### မြွေပါလည်းဆုံး၊ သားလည်းဆုံး

CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့သော ဝန်ကြီးဌာနတစ်ခုမှ အကြီးတန်းစာရေးတာဝန်ထမ်းဆောင်နေသူ မလွင်လွင်အေး (အမည်လွှဲ)ကလည်း "ကျွန်မ CDM လှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပါဝင်ခဲ့တာပါ။ လှုပ်ရှားမှုမှာ မပါဝင်ခင်ကတော့ သူငယ်ချင်းတွေက အခုပဲ ဘယ်အဖွဲ့အစည်း၊ ဘယ်သူက ဘယ်လိုတွေ ထောက်ပံ့ကူညီတော့မယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ပြောကြလို့ အဟုတ်ထင်ပြီး ဝင်ပါမိလိုက်တာ အခုတော့ မြွေပါလည်းဆုံး၊ သားလည်းဆုံး ဖြစ်ရတယ်။ ရုံးကလည်း လတစ်ဝက်ထိပဲ ရုံးတက်တော့ လစာက တစ်ဝက်ပဲရလိုက်တယ်။ သူငယ်ချင်းတွေပြောတဲ့ ဘယ်အဖွဲ့အစည်းက ဘယ်လောက်ထောက်ပံ့မယ်၊ ဘယ်လိုထောက်ပံ့မယ်ဆိုတာတွေကလည်း တကယ်တော့ အခုချိန်အထိ ရေရေရာရာ ဘာတစ်ခုမှမရှိဘူး။

"တကယ်တော့ CDM လှုပ်ရှားမှုထဲ ပါဝင်လိုက်မိတာ ကျွန်မ အကြီးအကျယ် နောင်တရမိတယ်။ CDM လုပ်မယ်ပြောတော့ ဆရာ (ဌာနမှူး)က အကြိမ်ကြိမ်တားသေးတယ်။ သေချာစဉ်းစားဖို့လည်း အကြိမ်ကြိမ်ပြောခဲ့တယ်။ တကယ်တော့ သူငယ်ချင်းတွေပြောတာကို လွယ်လွယ်နဲ့ မယုံကြည်သင့်ဘူး။ အခုတော့ လတ်တလောဝင်ငွေမရှိ အလုပ်လက်မဲ့ဖြစ်နေရပြီ။ ရုံးကိုဒီအချိန်မှ ပြန်ဆက်သွယ်ရင်လည်း အရှက်ရဦးမယ်။ တကယ်တော့ ဘယ်သူမပြု မိမိမှုပါပဲ။ ဖေဖေ ကတော့ ပြောပါသေးတယ်။သမီးဘွဲ့ရပညာတတ်ပဲ၊ကိုယ်တိုင်စဉ်းစားဆုံးဖြတ်တဲ့။ တကယ်တော့ အခုလိုလမ်းလွှဲခဲ့တာက ဖေ့စ်ဘွတ်ပေါ်က ခိုင်မာမှုမရှိတဲ့ သတင်းတွေကို ယုံကြည်ခဲ့တာလည်း ပါပါတယ်။ ကျွန်မရဲ့ဘဝမှာ CDM လှုပ်ရှားမှုက အကြီးမားဆုံးရလိုက်တဲ့ သင်ခန်းစာပဲ။ အခုတော့ အပြင်အလုပ်သစ်တစ်ခု မဖြစ်မနေပြန်ရှာရတော့မယ်"ဟု CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုနှင့်ပတ်သက်၍ သံဝေဂစကားသံများ ဖွင့်ဟခဲ့သည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးအမှောင့်ပယောဂသမားများကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်သူများရော မပါဝင်ဘဲ ရုံးတက်အလုပ်ဆင်းနေသူများပါ သောကကိုယ်စီ ကြုံတွေ့နေရသည်။ ဤသည်မှာ အာဏာနိုင်ငံရေး၏ ဂယက်များဖြစ်ပြီး အေးချမ်းစွာ အသက်မွေးဝမ်းကျောင်းပြုနေသော နိုင်ငံ့ဝန်ထမ်းများသို့ ကူးစက်ရိုက်ခတ်ခြင်းပင် ဖြစ်သည်။

**"မြန်မာနိုင်ငံရဲ့ လုပ်ငန်းအများစုက ပုဂ္ဂလိကဘဏ်တွေကို အားထားပြီး လုပ်ငန်းလည်ပတ်ကြတာများတယ်။ အခုဆို CDM လှုပ်ရှားမှုနဲ့အတူ ဘဏ်တွေပိတ်ထားတာ တစ်လကျော်နေပြီ။ ဒီတိုင်းသာ ဆက်သွားနေရင် အခုလ ကျွန်တော့်လုပ်ငန်းခွင် အလုပ်သမား / ဝန်ထမ်းတွေကို ဘယ်လိုတောင် လစာပေးရမလဲ မသိသေးဘူး။ ဆောက်လုပ်ရေးလုပ်ငန်းဆိုတော့ လခစားဝန်ထမ်းရော နေ့စားဝန်ထမ်းတွေပါ ခန့်ထားရတယ်။ အခုလည်း ဒီပုဂ္ဂလိကဘဏ်တွေ ပိတ်ထားတာနဲ့ ပတ်သက်ပြီး ပြည်သူတွေအကြားမှာ အတော်လေး ဂယက်ရိုက်နေကြပြီ။ ငွေကြေးလည်ပတ်စီးဆင်းမှုက အတော်လေးကို အားပျော့နေတာ။ နောက်ဆို လုပ်ငန်းရှင်တွေအနေနဲ့ အစိုးရဘဏ်တွေမှာတောင် ငွေကို ပြောင်းထားရမလို ဖြစ်နေပြီ"**

### ပါတီနိုင်ငံရေး ကင်းရှင်းရမယ်

"အဒေါ်အသက်က ငယ်ရွယ်တော့တဲ့ အရွယ်လည်းမဟုတ်တော့ဘူးလေ။ ပင်စင်ယူဖို့ သုံးနှစ်ပဲ ကျန်တော့တယ်။ ဒီအသက်အရွယ်ရောက်မှ CDM လှုပ်ရှားမှုထဲ ပါဝင်ဖို့စိတ်ကူးမရှိပါဘူး။ တကယ်တော့ နိုင်ငံရေး ဂယက်ရိုက်ခတ်မှုဖြစ်တာနဲ့ ဝန်ထမ်းတွေနဲ့က မဆိုင်ဘူးလို့လည်း မြင်တယ်။ နိုင်ငံ့ဝန်ထမ်း ဥပဒေမှာရော၊ နည်းဥပဒေမှာပါ ပါတီနိုင်ငံရေး ကင်းရှင်းရမယ်လို့ ပါတယ်လေ။ အဒေါ်တို့က ဘယ်အစိုးရတက်တက် နိုင်ငံ့ဝန်ထမ်းဟာ ဝန်ထမ်းပါပဲ။ တက်လာတဲ့ အစိုးရအဖွဲ့တွေက ငါးနှစ်တစ်ကြိမ် တာဝန်ယူကြရတဲ့ သူတွေလေ၊ အဒေါ်တို့က နိုင်ငံတော်က အသက် ၆၀ ပြည့်သည်အထိ တာဝန်ပေးထားတဲ့ နိုင်ငံဝန်ထမ်းတွေ၊ ဝန်ထမ်းအများစုက အဲဒါတွေသိဖို့လိုတယ်။

"ပြီးတော့ အဒေါ့်မိသားစုက ဒီရန်ကုန်မှာ နေစရာမရှိဘူး။ လတ်တလော နိုင်ငံတော်အစိုးရပေးထားတဲ့ ဝန်ထမ်းအိမ်ရာမှာ နေနေရတာ။ ရန်ကုန်မှာက ငှားနေရရင်လည်း မလွယ်ကူဘူးလေ။ မိသားစုနဲ့ဆိုတော့ ပိုဆိုးတာပေါ့။ ပတ်ဝန်းကျင်ကတော့ ရုံးတက်လို့ အမျိုးမျိုး ဝေဖန်ကြတယ်။ အဒေါ်ကတော့ သူတို့တွေကို ရန်လည်းမလုပ်သလို ဖွေလည်းမယူဘူး။ လူတိုင်းမှာ ကိုယ်ယုံကြည်ချက် ကိုယ်စီရှိသလို ကိုယ့်တောင်းနဲ့ ကိုယ့်ဆန် ကိုယ့်အခြေအနေ ကိုယ်အသိဆုံးပဲလေ။ အဲဒါတွေကို သူတို့ဘယ်သိနိုင်မှာလဲ။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲနဲ့ အတ္တကြီးနေကြတာကို နိုင်ငံရေးလို့ သူတို့က ယူဆနေကြတာလေ။ အဒေါ့်ဘဝမှာ အေးအေးချမ်းချမ်းနဲ့ပဲ ဝန်ထမ်းဘဝကနေ အနားယူဖို့ စိတ်ကူးထားတယ်။ ဘာနိုင်ငံရေးမှ စိတ်မဝင်စားသလို ဘာ CDM လှုပ်ရှားမှုမှလည်း ပါဝင်ဖို့ စိတ်ကူးမရှိပါဘူး" ဟု ဌာနဆိုင်ရာတစ်ခုတွင် ဦးစီးမှူး တာဝန်ထမ်းဆောင်နေသော ဒေါ်မြင့်သူဇာ (အမည်လွှဲ) က ပြောသည်။

ယခုအခါ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုမှ ဆင့်ပွားလာသော အဖျက်အမှောင့်လုပ်ရပ်များသည် ပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်ဘက်လားရာသို့ ဦးတည်ဖြစ်နေသည်။ အထူးသဖြင့် လူဦးရေထူထပ်ပြီး စီးပွားရေးအချက်အချာကျသော ပြည်ပရင်းနှီးမြှုပ်နှံမှု များပြားသည့် ရန်ကုန်မြို့ကြီး၏ လမ်းမများပေါ်တွင် လုပ်ဆောင်နေသော အဖျက်အမှောင့် လုပ်ရပ်များသည် ပြည်သူများအကြား ကြီးမားသော ဂယက်ရိုက်ခတ်မှု ဖြစ်ပေါ်လျက်ရှိကြောင်း ပြည်သူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါကြောင်း။ ။

---

**ထူးခြားသည့် နေ့အပူချိန်များ**

နေပြည်တော် မတ် ၆

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ သာယာဝတီမြို့နှင့် သိမ်ဖြူမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# စစ်တွေမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

**စစ်တွေ မတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရေးဦးစွာ စစ်တွေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးဦးက ရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရွာသူ ရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၃ ရွာသို့ ငွေကျပ်သိန်း ၁၀၀ စီကို ပေးအပ်ရာ ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်ရေး



ကော်မတီဝင်များက လက်ခံယူသည်။ စစ်တွေမြို့နယ် အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၃၀ ကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာကို နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၁၃၀၀ ကို ခွဲဝေချထားပြီးဖြစ်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာ ကျေးရွာများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်တွင် ရွှေခရုကျရောက်မှုကြောင့်သီးနှံများပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်

**အိမ်မဲ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလ၌ ရွှေခရုကျရောက်မှုကြောင့် သီးနှံများ ပျက်စီးမှုအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

"တောင်သူလယ်သမားကြီးများအနေနဲ့ မိမိတို့လယ်ယာမြေမှာ ရွှေခရုတို့၊ ပိုးမွှားတို့ကျရောက်ရင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကို ဖုန်းဆက်ပြီး အကြံပြုချက်များ ရယူနိုင်ပါတယ်။ နောက်ပြီးတော့ လိုအပ်လို့ရှိရင်လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများကလည်း တောင်သူလယ်သမားကြီးတို့ လယ်ယာမြေအရောက် ကွင်းဆင်း ဆောင်ရွက်ပေးမှာပါ။ ရွှေခရုကျရောက်မှုကြောင့် အိမ်မဲမြို့နယ်



အတွင်းမှာ ရွှေခရု ကောက်ယူနှိမ်နင်းပွဲတွေကို ပြုလုပ်ခဲ့ပါတယ်။ အခု ထောက်ပံ့ငွေပေးအပ်တာကတော့ ရွှေခရုတွေကြောင့် သီးနှံတွေ ပျက်စီးမှုအတွက် ကျေးရွာအုပ်စုပေါင်း ၂၃ အုပ်စုမှ ပျက်စီးကေပေါင်း ၂၇၁၇ ဒသမ ၃၃ ကေအတွက် ၁ ကေကို ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ ငွေကျပ် ၂၇၁၇၀၀၀၀ ကို တောင်သူတွေ လက်ဝယ်အရောက် ထောက်ပံ့ပေးတာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးဦးတင်မောင်ဦးက ပြောသည်။

ဆက်လက်ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွှေခရုကျရောက်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးသော သပေါင်းကျေးရွာအုပ်စုအတွက် ငွေကျပ် ၅၉၀၀၀၀၀ ၊ လှည်းဆိပ်ခြံကုန်း ကျေးရွာအုပ်စုအတွက် ငွေကျပ် ၃၄၂၀၀၀၀၊ ကညင်ကုန်းကြီးကျေးရွာအုပ်စုအတွက် ငွေကျပ် ၃၁၉၀၀၀၀၊ နီစပ်ကြီးကျေးရွာအုပ်စုအတွက် ငွေကျပ် ၃၀၀၀၀၀၀ နှင့် ညောင်ဝိုင်းကြီး ကျေးရွာအုပ်စုအတွက် ငွေကျပ် ၂၈၅၀၀၀၀ တို့ကို ထောက်ပံ့ပေးကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**


COVID-19

ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ ဤအချက်များကို ရှောင်ကြဉ်ရန် လူတိုင်းတာဝန်ရှိသည်။



#LETSBEATCOVIDTOGETHER

လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူပါ၊ ရှောင်ကြဉ်ရန် အချက် (၃) ချက်ကို လိုက်နာပါ။ မိမိကိုယ်တိုင်နဲ့ အခြားသူတွေကိုပါ COVID-19 မှ ကင်းဝေးအောင် နေထိုင်ပြုမူပါ။

(၁) လူအစုအဝေးကို ရှောင်ရှားပါ။

(၂) လူအများနဲ့အနီးကပ်ပြောဆိုဆက်ဆံတာကို ရှောင်ရှားပါ။

(၃) လူအများအပြားရှိတဲ့ အလုံပိတ်နေရာတွေနဲ့ လေဝင်လေထွက်ကောင်းစွာမရတဲ့နေရာတွေကို သွားရောက်တာ ရှောင်ရှားပါ။

ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ရတဲ့ အရာမဟုတ်ပါဘူး။ အားလုံးညီတူ ဆောင်ရွက်မှသာ အောင်မြင်မှာ ဖြစ်ပါတယ်။ COVID ကို အတူတကွတိုက်ထုတ်ကြပါစို့။

COVID-19

ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လူထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER

COVID-19ကပ်ရောဂါကူးစက်မခံရစေဖို့ "လူအစုအဝေး" ကိုရှောင်ရှားဖို့လိုအပ်ပါတယ်။ COVID-19ဗိုင်းရပ်စ်ပိုးက မျိုးဗီဇပြောင်းလဲသွားပြီဖြစ်သလိုရောဂါကူးစက်နိုင်စွမ်းလည်းမြင့်တက်သွားပြီဖြစ်ပါတယ်။ (SourcefromMOHS) ရောဂါကူးစက်ခံရသူတစ်ဦးဟာ နှာချေချောင်းဆိုးလိုက်တိုင်း ဗိုင်းရပ်စ်ပိုး လွှတ်ထုတ်ပါတယ်။ ဒါကြောင့် လူစုလူဝေးရှိတဲ့နေရာတွေမှာ ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာနေပြီး သင်ကိုယ်တိုင်ကိုရော၊ အခြားလူတွေကိုရော COVID-19 ကပ်ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။

# ငြိမ်းငြိမ်းချမ်းချမ်း ညီညွတ်ချစ်ခင်ခြင်းဖြင့် ပိုမိုသာယာလှပသော အနာဂတ်ဆီသို့

**လေးလေးနွယ်**

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ကောသလမင်းကြီး၏ စစ်သူကြီး နှစ်ယောက်သည် မသင့်မြတ်ကြ။ တွေ့သည်နှင့် ရန်ဖြစ်ကြသည်ကို တစ်မြို့လုံးပင် သိကြ၏။ ကောသလမင်းကြီးမှစ၍ မည်သူမျှ ထိုနှစ်ဦးကို သင့်မြတ်အောင် မလုပ်နိုင်ကြ။

တစ်နေ့သောအခါတွင် မြတ်စွာဘုရားသည် မိုးသောက်ချိန်အခါ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူရာ ထိုနှစ်ဦးကို မြင်တော်မူ၍ ဆွမ်းခံကြွချိန်တွင် ကိုယ်တော်တစ်ပါးတည်း ဆွမ်းခံထွက်တော်မူပြီး စစ်သူကြီးတစ်ဦး၏ အိမ်ရှေ့တွင် ရပ်တော်မူ၏။

### မေတ္တာအကျိုး ဟောတော်မူ

စစ်သူကြီးသည် မြတ်စွာဘုရားကို အိမ်ပေါ်သို့ ပင့်တော်မူ၏။ မြတ်စွာဘုရားသည် မေတ္တာအကျိုးကို ဟောတော်မူ၍ စစ်သူကြီးသည် သစ္စာတရားကို နာကြားရသော အဆုံးတွင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ မြတ်စွာဘုရားလည်း သောတာပန်တည်ပြီးသော စစ်သူကြီးအား သပိတ်ကိုထမ်းစေလျက် အခြား စစ်သူကြီးတစ်ဦး၏ အိမ်ရှေ့တွင် ရပ်ပြန်၏။

ထိုစစ်သူကြီးသည်လည်း မြတ်စွာဘုရားကို အိမ်ပေါ်သို့ ပင့်ပြန်၏။ မြတ်စွာဘုရားကလည်း ရှေ့နည်းအတူ တရားဟောကြားတော်မူပြန်ရာ ထိုစစ်သူကြီးလည်း သောတာပန်တည်ပြန်၏။

စစ်သူကြီးနှစ်ဦးသည် အပြန်အလှန် ဝန်ချတောင်းပန်ကြ၏။ ထိုအကြောင်းခြင်းရာနှင့် ဆက်စပ်၍ မြတ်စွာဘုရားက ရှေးအခါကလည်း ဤသို့ သင့်မြတ်စေရန် ဆောင်ရွက်ပေးခဲ့ဖူး၏ဟု ဆိုကာ အတိတ်ဇာတ်ကို ဟောတော်မူခဲ့သည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရသေ့ဖြစ်ပြီး မြစ်ကမ်းအနီးတွင် နေထိုင်၏။ ဗာရာဏသီမြို့တွင် ပွဲတော်ကြီးကျင်းပလေရာ နတ်၊ နဂါး၊ ဂဠုန်တို့ပါ လူယောင်ဖန်ဆင်း၍ လာကြ၏။ ထိုပွဲတွင် နဂါးသည် ဂဠုန်၏ ပုခုံးပေါ်သို့ အမှတ်တမဲ့ လက်တင်၍ ပွဲကြည့်၏။ ဂဠုန်က နဂါးမှန်းသိသောအခါ နဂါးသည် မြို့မှ ထွက်၍ မြစ်ဆိပ်သို့ ပြေးလေသည်။

ထိုအချိန်တွင် ဘုရားလောင်း ရသေ့သည် မြစ်ဆိပ်၌ ရေချိုးဆင်းနေရာ နဂါးသည် ပတ္တမြားလုံးအသွင် ဖန်ဆင်း၍ သင်္ကန်းကြားတွင် ဝင်နေ၏။ ဂဠုန်သည် နဂါးကို စားလိုသော်လည်း မစားဘဲနေသောကြောင့် ဘုရားလောင်းရသေ့က မြတ်သောရသေ့ရဟန်းကို ပူဇော်ခြင်းကြောင့် နဂါးကို စားလိုလျက် မစားသော သင့်ကို ဖြဟ္မာမင်းစောင့်ရှောက်၍ အသက်ရှည်ပါစေ။ သင့်အတွက် နတ်သုဒ္ဓါ ရနိုင်ပါစေဟု မေတ္တာပို့ ဆုပေးပြီးနောက် နဂါးနှင့် ဂဠုန်နှစ်ဦးစလုံးကို ကျောင်းသို့ခေါ်ကာ မေတ္တာဘာဝနာ အကျိုးကို ဟောကြားသဖြင့် ဂဠုန်နှင့် နဂါးသည် ညီညွတ်ချစ်ခင်သွားကြလေသည်။

> **"ဒီမိုကရေစီဟု ကြွေးကြော်နေသော်လည်း ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အဖျက်အမှောင့် လုပ်ငန်းများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြသည်။ တပ်မတော်မှ နိုင်ငံတော်အာဏာကို ဝင်ရောက်ထိန်းသိမ်းခဲ့သည့် ဖြစ်ရပ်အား ဆုပ်ကိုင်လျက် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သွေးခွဲမှုများ ဆောင်ရွက်လျက်ရှိသည်"**

တစ်ဦးကို တစ်ဦး ရန်ပြုတိုက်ခိုက်ခြင်းသည် မိမိနှင့် သူတစ်ပါး နှစ်ဦးသားကို ကောင်းကျိုး မခံစားရစေသည့်အတွက် မြတ်စွာဘုရားက မေတ္တာဘာဝနာ၏ အကျိုးကို ဟောကြားခဲ့ပြီး ရန်သူကို အေးမြစေသော မေတ္တာစွမ်းအားကြောင့် ငြိမ်းချမ်းချစ်ခင်သွားကြကြောင်းကို ၅၅၀ ဇာတ်နိပါတ်တော်တွင် ဖတ်မှတ်ခဲ့ရဖူးသည်။

အဖွဲ့အစည်း၊ အစုအဖွဲ့ တစ်ခုအတွင်း၊ လူမျိုးတစ်မျိုးအတွင်း၊ နိုင်ငံတစ်ခုနှင့်တစ်ခုအတွင်း ရန်ပြုတိုက်ခိုက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်းသည် လူသားအပေါင်းကို ဘေးဒုက္ခများနှင့် ရင်ဆိုင်ရစေသောကြောင့် လောကီနှင့် လောကုတ္တရာ နှစ်ဖြာအတွက် အကျိုးမဖြစ်ထွန်းနိုင်သည်မှာ သစ္စာ၊ အမှန်တရားတစ်ခု ဖြစ်ပေသည်။

### ခြိမ်းခြောက်၊ ရန်ပြု၊ အကြမ်းဖက်

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခံယူချက်၊ သဘောထားအမြင်များ မတူညီသည့်အခါ စိတ်ဝမ်းကွဲပြားမှုများ စတင်လာပါသည်။ စိတ်သဘောထား မတိုက်ဆိုင်ကြသဖြင့် ပြစ်တင်ရှုတ်ချခြင်း၊ ထိုမှတစ်ဆင့် တဖြည်းဖြည်း ခြိမ်းခြောက်ခြင်း၊ ရန်ပြုခြင်း၊ တိုက်ခိုက်အကြမ်းဖက်ခြင်းများအထိ ဦးတည်လာပါတော့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားသည့် ယခုအချိန်တွင် လူထုလှုပ်ရှားမှုများ၊ လူငယ်များ၏ လမ်းပေါ်ထွက် ဆန္ဒပြမှုများ ရှိလာသည်။ ဝန်ထမ်းအချို့သည် အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM တွင် ပါဝင်လာကြသည်။ လက်ရှိကာလတွင် နေရာဒေသအချို့၌ သာမန် ဆူပူမှုအဆင့်မျိုးထက် ကျော်လွန်ကာ နည်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်မှုအသွင်သို့ ကူးပြောင်းလာသည်။

### နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်နေ

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်ရန် ဆိုရှယ်မီဒီယာများ၊ လူမှုပတ်ဝန်းကျင်များတွင် အရှက်ခွဲခြင်း၊ ခြိမ်းခြောက် အကျပ်ကိုင်ခြင်းများကို နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်နေသူအချို့က လုပ်ဆောင်လျက်ရှိ သည့်အပြင် နည်းမျိုးစုံဖြင့် Social Bullying ပြုလုပ်လျက်ရှိသည်။

ထို့အပြင် CDM တွင် မပါဝင်သည့် ရုံးတစ်ခု၏ ရှေ့သို့ ဆန္ဒပြသူများသည် ရောက်ရှိလာကာ ရုံးရှေ့သံတံခါးကို သံကြိုးနှစ်ဆင့်ဖြင့် ခတ်သွားခဲ့ခြင်း၊ အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းကြောင်းများကို တာယာကွင်းများ အစုအပုံလိုက်ဖြင့် တားဆီးခြင်း၊ မီးရှို့ခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်လှဲ၍ လမ်းပိတ်ဆို့ခြင်း၊ ကွန်ကရစ်တုံးများ ချ၍ လမ်းပိတ်ဆို့ခြင်း၊ လုံခြုံရေးကင်မရာ(CCTV) များကို ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ယာဉ်များအား ဖျက်ဆီးခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းများကို ဆောင်ရွက်လာကြသည်။

ဒီမိုကရေစီဟု ကြွေးကြော်နေသော်လည်း ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် အဖျက်အမှောင့် လုပ်ငန်းများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြသည်။ တပ်မတော်မှ နိုင်ငံတော်အာဏာကို ဝင်ရောက်ထိန်းသိမ်းခဲ့သည့် ဖြစ်ရပ်အား ဆုပ်ကိုင်လျက် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တပ်မတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို ဆန့်ကျင်လိုစိတ်များ ဖြစ်ပေါ်လာအောင် သွေးခွဲမှုများ ဆောင်ရွက်လျက်ရှိသည်။

### ဥပဒေကို မျက်ကွယ်ပြု

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် မြှောက်ပင့်လှုံ့ဆော်နေကြသည်။ အမှားကို အမှန်ဖြစ်အောင်၊ မဟုတ်သည်ကို အဟုတ်ထင်အောင် ပြောဆိုစည်းရုံးကြကာ ကိုယ်ကျိုးစီးပွားအတွက် အသုံးချနေကြသည်။ သွေးထိုးလှုံ့ဆော်မှုများကို နားယောင်နေသော သွေးဆူနေသည့် လူအုပ်စုကြီးကို ရှေ့တန်းသို့တွန်းပို့ကာ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး အပြစ်တင် ဆန့်ကျင်အောင်၊ သံသယများဖြင့် ရန်ပြုတိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်အောင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေကြသည်။ ထိုကဲ့သို့ လုပ်ဆောင်နေကြခြင်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်နေသည့်အပြင် ဥပဒေကို မျက်ကွယ်ပြုခြင်းလည်း ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အား ဆန့်ကျင် ဆန္ဒပြသည့် ဦးစီးဦးဆောင်ပြုလုပ်သူများအား စစ်ဆေးဖော်ထုတ်ကာ ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းတွင် ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ စိတ်ခံစားချက်၊ ရပ်တည်ချက်တို့သည် အမျိုးမျိုး ရှိနေပေလိမ့်မည်။ ထိုကဲ့သို့ မတူကွဲပြားခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရ ဖြစ်သည့်အတွက် လေးစားတန်ဖိုးထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့သမိုင်း တစ်လျှောက်တွင် သွေးခွဲရန်တိုက်ခြင်းမှ ကောင်းကျိုးမရခဲ့ပုံများကို သင်ခန်းစာယူ၍ တစ်ဦးကိုတစ်ဦး မေတ္တာထားကာ သည်းခံခြင်း၊ နားလည် ခွင့်လွှတ်ခြင်း၊ ငြိမ်းငြိမ်းချမ်းချမ်း ညီညွတ်ချစ်ခင်ခြင်းတို့ဖြင့် ပိုမို သာယာလှပသော အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်အောင် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြု ရေးသားလိုက်ရပေသည်။ ။

---

## မယ်စဲ့မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မယ်စဲ့ မတ် ၆**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေများဖြင့် မြို့နယ် လမ်းဦးစီးဌာနရုံး ဝန်ထမ်းအိမ်ရာနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်လမ်းဦးစီးဌာနရုံး လေးခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အကျယ်အဝန်း အလျား ပေ ၆၀၊ အနံ ၃၄ ပေ ၆ လက်မကို ခွင့်ပြုရန်ပုံငွေ ကျပ် ၇၂ ဒသမ ၃ သန်းဖြင့် ဘုန်းပြည့်မင်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်ပေးလျက်ရှိရာ လက်ရှိအချိန်တွင် လုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ အလျား ပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၂၂ ပေရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံကိုလည်း ခွင့်ပြုရန်ပုံငွေ ကျပ် ၅၃ ဒသမ ၂၅ သန်းဖြင့် မြတ်သာဟိန်းကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိရာ လက်ရှိအချိန်တွင် လုပ်ငန်း ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ လုပ်ငန်းများ အရည်အသွေးပြည့်မီရေးအတွက်လည်း မြို့နယ် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်နေကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# မိုင်းဆတ်မြို့က ဘွဲ့တော်သုံးမည်ခေါ် ရှေးဟောင်းသဗ္ဗညုဆုတောင်းပြည့်စေတီတော်

**မိုင်းဆတ် မတ် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နှင့် ဝန်းကျင်တစ်ဝိုက်တွင် ဖူးမြော်ကြည်ညိုဖွယ်ရာ ဘုရားစေတီပုထိုးများစွာထဲမှ ဘွဲ့တော်သုံးမည်ခေါ် ရှေးဟောင်းသဗ္ဗညု ဆုတောင်းပြည့်စေတီတော် ဘုရားသမိုင်းကြောင်းကို သိရှိသူနည်းပါးသဖြင့် စေတီတော်ကြီးအား တည်ထားကိုးကွယ်ခြင်းမပြုမီ အချိန်ကစတင်ပြီး မှတ်သားကြည်ညိုဖွယ်ရာ အကြောင်း ရေးသားဖော်ပြလိုပါသည်။

မိုင်းဖုန်းဆရာတော်ဘဒ္ဒန္တ ဉာဏသံဝရသည် မိုင်းဆတ်မြို့သို့ ၂၇-၅-၁၉၉၇ ရက်တွင် ကြွရောက်သီတင်းသုံးတော်မူခဲ့ပြီး အဆိုပါနေ့ ညနေတွင် ဆရာတော်က တရားထိုင်ရင်းအဓိဋ္ဌာန်ပြုရာ မိုင်းဆတ်-မိုင်းပျဉ်းသွား ကားလမ်းမကြီးဘေးရှိ ကျဒယ်ရပ်ကွက်နှင့် နယ်မြေခံတပ်ရင်းကြားတွင် လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ခန့်က စေတီတစ်ဆူရှိခဲ့ကြောင်း အာရုံတွင် ထင်ရှားစွာ မြင်လာသဖြင့် သွားရောက်ရှာဖွေရှင်းလင်းရာ ရှေးဟောင်းအုတ်ပြားချပ်ကြီးများနှင့် အတူ အချင်းခြောက်လက်မခန့်ရှိ စေတီအုတ်ခုံပျက်ကို သစ်ပင်ချုံနွယ်များ ပေါက်ရောက်ဖုံးလွှမ်းနေသည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါ စေတီဟောင်းအား မိုင်းဖုန်းဆရာတော်ကြီးက ၂၈-၅-၁၉၉၇ ရက် နံနက် ၈ နာရီတွင် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပြီး စေတီဟောင်းကို ပြန်လည်တည်ထားကိုးကွယ်ရန် ဆရာတော်ကြီးက မိန့်ကြားတော်မူခဲ့သည်။

ထို့နောက် မိုင်းဖုန်းဆရာတော်ကြီး၏ ဩဝါဒကို ခံယူပြီး မိုင်းဆတ်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုန္ဒရမာလာအား အမှူးထား၍ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးနာလိန်တို့ ဦးဆောင်၍ ၉-၇-၁၉၉၇ ရက် နံနက်ပိုင်းတွင် မြေသန့်မင်္ဂလာကျင်းပပြီး နံနက် ၉ နာရီ ၉ မိနစ် ၉ စက္ကန့်တွင် ပန္နက်တင်မင်္ဂလာကျင်းပ ကာ ၁၂- ၇-၁၉၉၇ ရက် နံနက် ၇ နာရီ ၇ မိနစ် ၇ စက္ကန့်တွင် အုတ်မြစ်ချ မင်္ဂလာကျင်းပခဲ့သည်။ ၁၆- ၉- ၁၉၉၇ ရက်တွင် အောက်ဌာပနာပိတ်သိမ်း ပြီး ၁၂- ၃- ၁၉၉၈ ရက် နံနက် ၉ နာရီ ၁၈ မိနစ် ၉ စက္ကန့်တွင် အထက်ဌာပနာပိတ်သိမ်းပူဇော်ခြင်း၊ ထီးတော်၊ စိန်ဖူးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဘိသေ ကအနေကဇာတင်ခြင်း မင်္ဂလာကျင်းပကာပလ္လင် တော် ၄၄ တောင်ပတ်လည်နှင့် ဉာဏ်တော်အမြင့် ၃၇ တောင်ရှိ စေတီတော်ကို ပြန်လည်တည်ထား ကိုးကွယ်ခဲ့ကြသည်။





အဆိုပါ စေတီတော်ကြီးနှင့်အတူ အရံစေတီ ၃၂ ဆူ၊ ဂြိုဟ်တိုင်ဘုရားကျောင်းဆောင်၊ ရုပ်ပွားတော်၊ ဂြိုဟ်တိုင်တို့ကို ထောင့်ရှစ်ထောင့်တွင်လည်းကောင်း၊ စေတီတော်အနီး၌ ဘုံခုနစ်ဆင့်ပါ ဓမ္မဃောသက သာသနာ့ဗိမာန်နှင့် ပုဗ္ဗာရုံကျောင်းတစ်ကျောင်းနှင့် မဟာဗောဓိညောင်ပင်စိုက်ပျိုးခြင်းတို့ကို စေတီတော်ကြီးနှင့်အတူ တစ်ပြိုင်တည်း ဆောက်လုပ်လှူဒါန်းပူဇော်ခဲ့ကြသည်။ စေတီတော်ကြီးကို ဘွဲ့တော်သုံးမည်ခေါ်ဝေါ်ကာ ပူဇော်ခဲ့ကြပြီး "သဗ္ဗညုဆုတောင်းပြည့်စေတီတော်" ဟုသာ လူသိများပြီး ကျန်ဘွဲ့တော်များကို သိရှိသူနည်းပါးလှသည်။ စေတီတော်ကြီး၏ဘွဲ့တော်များမှာ စေတီတော်ကြီးနှင့်အတူ အရံစေတီ ၃၂ ဆူရှိခြင်းကြောင့် " ၃၃ ဆူ ဆုတောင်းပြည့်စေတီတော်"၊ "သဗ္ဗညုဆုတောင်းပြည့်စေတီတော်" နှင့် "မိုင်းဆတ် ရွှေတိဂုံစေတီတော်" ဟူ၍ ဘွဲ့တော်သုံးမည်ခေါ်ဝေါ်ပူဇော်ခဲ့ကြပါသည်။

ထို့ကြောင့် မိုင်းဆတ်သူ မိုင်းဆတ်သားများ ကြည်ညိုကိုးကွယ်ပူဇော်နေကြသည့် ဘုရားစေတီများစွာထဲမှ ရှေးဟောင်းဆုတောင်းပြည့်သဗ္ဗညုစေတီတော်ကြီး၏သမိုင်းနှင့် ဘွဲ့တော်သုံးမည်တို့ကို ရေးသားဖော်ပြလိုက်ရပြီး ခရီးသွားပြည်သူများ အနေဖြင့် မိုင်းဆတ်မြို့သို့ ရောက်ရှိပါက "ဘွဲ့တော်သုံးမည်ခေါ် ရှေးဟောင်းသဗ္ဗညုဆုတောင်းပြည့်စေတီတော်" အား သွားရောက်ဖူးမြော်နိုင်စေရန် ကုသိုလ်ပြုဖော်ပြလိုက်ရပါသည်။

**မြင့်မောင်(မိုင်းဆတ်)**

## မောင်တောမြို့၌ မီးဘေးကြိုတင်ကာကွယ် အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**မောင်တော မတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးနှိုးဆော်ခြင်းကို မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ယမန်နေ့က မြို့ပေါ်ရပ်ကွက်များအတွင်း လုပ်ဆောင်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးမျိုးကျော်ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မိဘပြည်သူများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ/ရုံး များတွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့် လိုက်နာဆောင်ရွက်ထားရှိကြရန်နှင့် မော်တော်ယာဉ်များ၊ စက်သုံးဆီဆိုင်များ၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပုဂ္ဂလိကရုံးများ၌ မီးဘေးကြိုတင်ကာကွယ်ရန် ထားရှိအပ်သော ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ မီးသတ်ဆေးဘူးများ၊ တပ်ဆင်ထားရှိကြရန် လိုအပ်ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူလူထုများ သိရှိနိုင်ရေးအတွက် အသိပေးနှိုးဆော်ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## မျိုးစေ့၊ မျိုးပင်ဈေးနှုန်း ကြီးမြင့်သော်လည်း အကျိုးအမြတ်များပြားသည့် နံ့သာနီစိုက်ပျိုးရေးကို တောင်သူများစိတ်ဝင်စား

**ရန်ကုန် မတ် ၆**

မျိုးစေ့၊ မျိုးပင်ဈေးနှုန်းကြီးမြင့်သော်လည်း အကျိုးအမြတ်များပြားသည့် နံ့သာနီစိုက်ပျိုးရေးကို မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းဒေသများရှိ တောင်သူအများ စိတ်ဝင်တစားရှိလာကြသည်။

"နံ့သာဖြူကတော့ အားလုံးလည်း သိကြပါတယ်။ အခု နံ့သာနီကတော့ ဈေးကွက်ထဲ စထိုးဖောက်နေတဲ့ အိန္ဒိယမျိုးတစ်ခုပါ။ နံ့သာဖြူနဲ့ နံ့သာနီက မျိုးစေ့ဈေးကတော့ တော်တော်ကိုကွာပါတယ်။ နံ့သာနီက အိန္ဒိယကတင်သွင်းတဲ့မျိုးဖြစ်လို့ ဈေးပိုများတယ်။ ပျိုးပင်ဈေးကျတော့ အပင်အရွယ်အစားအလိုက် တစ်ပင်ကို ငွေကျပ် ၇၀၀၀လောက်ကနေ ၁၅၀၀၀၊ ၂၀၀၀၀ နှင့် ၃၀၀၀၀ အထိ အစားစား ပေးဝယ်ရပါတယ်။ မန္တလေးမှာတော့ အပင်အမြင့်ပေ သုံးပေလောက်ရှိတဲ့ နံ့သာနီပင်တစ်ပင်ကို ငွေကျပ် ၃၀၀၀၀ လောက်နဲ့ ရောင်းချနေကြတယ်။ လူတွေက ဘာလို့စိတ်ဝင်စားနေကြလဲဆိုတော့ နံ့သာနီပင်က ကြီးလာတဲ့အခါမှာ တန်ကြေးရှိလို့ပါ။ ခြောက်နှစ်သားအရွယ် နံ့သာနီပင် တစ်ပင်ကို ငွေကျပ် ၁၀ သိန်းပေးပြီး လာဝယ်တာမျိုးအထိ ကြားသိရပါတယ်'' ဟု မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်မှ စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ကိုင်နေသူ ဦးငြိမ်းဌေးအောင်က ပြောသည်။

ဈေးကွက်အတွင်း နံ့သာနီမျိုးစေ့ (အိန္ဒိယမျိုး) တစ်စေ့လျှင် ငွေကျပ် ၄၀၀၊ မျိုးစေ့တစ်ကီလိုလျှင် ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေသည်။

" ဒီနံ့သာနီပင်က ဥရောပမှာဆိုရင် ရေမွှေးထုတ်လုပ်တဲ့အခါ အသုံးပြုတာမို့ အဲဒီလောက်အထိ ဈေးကြီးတယ်လို့ သိရပါတယ်။ ခြောက်သွေ့တဲ့ဒေသ၊ ဆယ့်နှစ်ရာသီ မိုးမရွာတဲ့ ဒေသမျိုးတွေမှာတော့ စိုက်ပျိုးဖို့သင့်တော်တယ်လို့ ယူဆပါတယ်။ များသောအားဖြင့် ဘယ်ဒေသစိုက်စိုက် သင့်တော်ပါတယ်။ ရှမ်းပြည်နယ်ဘက်မှာလည်း စိုက်လို့ရပါတယ်။ နံ့သာနီပင်က စိုက်ပြီးကြီးလာတဲ့အခါ အပင်ရဲ့အနှစ်ကို ထုတ်ယူရတာပါ'' ဟု ၎င်းက ဆက်လက်ပြောသည်။

နံ့သာနီပင်သည် နံ့သာဖြူပင်၊ ရွှော်ဖြူပင်တို့ကဲ့သို့ပင် နှစ်ရှည်ပင်အမျိုးအစားတစ်ခုဖြစ်ပြီး အချိန်ကာလ ၁၀ နှစ်နှင့်အထက် ရေရှည်စိုက်ပျိုးထားနိုင်ပါက အကျိုးအမြတ် ပိုမိုများပြားနိုင်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**




## ကျေးရွာ / ရပ်ကွက် စီမံအုပ်ချုပ်ရေးမှူးရုံးများ ပြန်လည်ဖွင့်လှစ်၍ အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် မတ် ၆**
တိုင်းဒေသကြီးနှင့် မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်ထားရှိမှုအပေါ် ကျေနပ်မှုမရှိသည်ကို အကြောင်းပြ၍ ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြင်း၊ စီမံအုပ်ချုပ်ရေးမှူးရုံးများတွင် အုပ်စုဖွဲ့ပြီး ရမ်းကားဆန္ဒပြခြင်း၊ စီမံအုပ်ချုပ်ရေးရုံးဆိုင်းဘုတ်များဖြုတ်ချခြင်း၊ အဖျက်အမှောင့် စာများရေးသား၍ ရုံးရှေ့တွင် ချိတ်ဆွဲခြင်း၊ သစ်သားချောင်းများဖြင့်ရိုက်ပိတ်ခြင်း၊ ရုံးအဝင်တံခါးများအား သော့ခတ်ခြင်း၊ တံခါးများအား သံချောင်းများဖြင့် ဂဟေဆော်ပိတ်ခြင်းများအား မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လာခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူလူထုများအနေဖြင့် ဥပဒေ၏ အကာအကွယ်ကို မရရှိသည့်အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်မှု ယန္တရားယိုယွင်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း တွေ့ရှိရသဖြင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူလူထုနှင့် ရပ်မိရပ်ဖများ၏ တောင်းဆိုချက်အရ အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်နေရာများတွင် ဆူပူမှုဖြစ်ပေါ်အောင် လှုံ့ဆော်သူများနှင့် ဆူပူမှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ပြီး ပိတ်ထားသည့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဖလန်တိုင်းကျေးရွာနှင့် နတ်မောက်မြို့နယ် ရေငံကျေးရွာတို့ရှိ ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးသို့ ယမန်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရပ်မိရပ်ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး အုပ်ချုပ်မှုယန္တရားများ မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ရပ်ကွက်၊ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးရုံးများအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် မတ် ၆**
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယမန်နေ့ကလည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်သူများ လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းနှင့် လုပ်ငန်းသစ်များ ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၁-၈၃၀၁၉၇၅၊ ၀၁-၈၃၀၂၁၇၅

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# စီးပွားဖြစ်ငှက်ပျောစိုက်ခင်းများ အထွက်နှုန်းပန်းတိုင်ပြည့်မီစေရန်အတွက် စနစ်တကျ မြေသြဇာကျွေး

မြန်မာနိုင်ငံတွင် ဖီးကြမ်းငှက်ပျော၊ တောင်ပေါ်သီးမွေး၊ ရွှေနီငှက်ပျော၊ ခွံစိမ်း၊ ရခိုင်ငှက်ပျော၊ ဝက်မလွတ်၊ နံ့သာဖူး စသည့်ငှက်ပျောအမျိုးအစားများစွာကို စိုက်ပျိုးထွက်ရှိနေပြီး ငှက်ပျောသီးနှံသည် ပြည်တွင်းစားသုံးမှုမြင့်မားသည့် သီးနှံအမျိုးအစားတစ်ခုလည်း ဖြစ်သည်။ စီးပွားဖြစ် ငှက်ပျောစိုက်ခင်းများ အထွက်နှုန်း ပန်းတိုင်ပြည့်မီစေရန်အတွက် စနစ်တကျ မြေသြဇာကျွေးမည်ဆိုပါက ကနဦးအနေဖြင့် ငှက်ပျောသားတက်အကြောင်းနှင့် မြေပြုပြင်ခြင်းတို့မှ စတင်ပြောရမည်ဖြစ်သည်။

**ကောင်းစွာကြီးထွားဖွံ့ဖြိုး**

ငှက်ပျောမျိုးပွားရာတွင် သားတက်ဖြင့် မျိုးပွားခြင်း၊ အပင်တစ်သျှူးမျိုးပွားခြင်း စသည့် နည်းလမ်းများဖြင့် မျိုးပွားကြပြီး သားတက်တွင် လုံးစို့သားတက်နှင့် ရေစို့သားတက်ဟူ၍ ရှိသည်။ လုံးစို့သားတက်သည် ပင်ခြေပိုင်းတွင် ကောင်းစွာကြီးထွားဖွံ့ဖြိုးပြီး အစောပိုင်းကာလတွင် အရွက်မှာ လုံသွားပုံ သေးရှည်သော ရွက်ပြားပါရှိသည်။ စိုက်ပျိုးရန် ရွေးချယ်ထားသော သားတက်၏ အမြစ်များနှင့် အသားပိုများကို ကတုံးတုံးပြီး သားတက်ခေါင်းကို ရွှံ့ရည်တွင် နှစ်စိမ်ပါ။ ထို့နောက် သားတက်တစ်ခုကို ဖျူရာဒန် ဆေးအစေ့ခဲ အနည်းဆုံးပမာဏ ၂၀ ဂရမ်၊ အများဆုံး ၄၀ ဂရမ်နှုန်း ပက်ဖြူးပေးခြင်းဖြင့် မြေတွင်းအောင်းပိုးနှင့် နီမတုတ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**သားတက်မပုပ်**

ထို့နောက် မစိုက်ပျိုးမီ သားတက်ကို သုံးရက်လေးရက်အထိ အရိပ်အောက်မှာ ခေတ္တ အခြောက်ခံထားပြီး စိုက်ပျိုးချိန်တွင် အပင်ခြေမှ နှစ်ပေချန်ကာ အပင်ကို ပိုတက်ဆီယမ်ပါမင်းဂနိတ် ရောနှောထားသော ရေတွင်စိမ်ပြီးမှ စိုက်ပျိုးသင့်သည်။ မိုးဦးမကျခင် မေလဆန်းတွင် စိုက်ပျိုးပါက မိုးရွာချိန် အမြစ်သစ်ထွက်ပြီးဖြစ်သဖြင့် သားတက်မပုပ်တော့ပါ။

**“နွေရာသီနှင့် ဆောင်းရာသီတွင် အပင်များကိုရေပေးသွင်းခြင်း၊ သီးခိုင်ထွက်လာလျှင် အပင်ကို ဝါးဖြင့် ကျားကန်ထောက်ပေးခြင်း၊ နေလောင်ခြင်း၊ ဖုန်တင်ခြင်းမရှိစေရန်နှင့် အသီးအရောင်လှပစေရန် အပြာရောင် ပလတ်စတစ်အိတ်ဖြင့် စွပ်ပေးခြင်း၊ ခြောက်သွေ့ဆွေးမြည့်နေသည့် အရွက်များ၊ အပင်အစိတ်အပိုင်းများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ အသီးကြီးထွားရန် ငှက်ပျောဖူး (အဖိုဖူး) ကို ဖြတ်ပေးခြင်း၊ ဆီးနှင်းကျခြင်း၊ လေပူများပြင်းထန်စွာ တိုက်ခတ်ချိန်တွင် ငှက်ပျောပင်များအား အနာတရမဖြစ်စေရန် လေကာပင်များ စိုက်ပျိုးခြင်း စသည့်လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပေးသင့်”**

**မြေပြုပြင်သည့်အခါ**

ငှက်ပျောစိုက်ပျိုးရန် မြေပြုပြင်သည့်အခါ မစိုက်မီ နှစ်လကြိုတင်ပြီး စိုက်ကျင်းပြုလုပ်မည့်နေရာပေါ် မြေဆွေးထည့်ထားရပါမည်။ စိုက်ပျိုးချိန်ရောက်ပါက မြေကို ထယ်ရေးညက်ညက် ထွန်ယက်ပြီး စိုက်ကျင်းအတွင်း စပါးခွံမြေဆွေး၊ သစ်ရွက်ဆွေး၊ နွားချေး၊ မြေဆွေး ၁၂ - ၁၈ ပိဿာ၊ တမာကြိတ်ဖတ် ၁၅ ကျပ်သားနှင့် မြေအောင်းပိုး၊ နီမတုတ်နှိမ်နင်းနိုင်ရန်အတွက် carbofuran ၂၀ ဂရမ် (ဟင်းစားဇွန်းနှစ်ဇွန်း) တို့ကို အပေါ်ယံမြေသားနှင့်ရော၍ ထည့်သွင့်ကြောင်း သိရသည်။

**ဓာတ်မြေသြဇာထည့်သွင်းခြင်း**

မြေသြဇာနှုန်းထားများကို အတိအကျပြောပြရမည်ဆိုပါက စိုက်ကျင်းတစ်ကျင်းလျှင် နွားချေးဆွေး ၁၂ ပိဿာ၊ ဒိုလိုမိုဒ်ထုံးကျောက်မှုန့် ၀ ဒသမ ၅ ကီလိုဂရမ်၊ တီစူပါ ၇၅ ဂရမ်တို့ကို အပေါ်ယံမြေနှင့်ရောပြီး အပင်မစိုက်ပျိုးမီ ကျင်းတွင်ထည့်ပါ။ ငှက်ပျောပင်များ အမြစ်စွဲလာပါက တစ်ပင်လျှင် ယူရီးယား ၄၃၅ ဂရမ် ၂၆ ကျပ်သား၊ တီစူပါ ၂၁၀ ဂရမ် ၁၂ ကျပ်သား၊ ပိုတက် ၃၂၀ ဂရမ် ၁၉ ကျပ်သားနှုန်း ထည့်သွင်းပေးပါ။ ပထမနှစ်အခင်းတွင် ငှက်ပျောတစ်ပင်လျှင် ယူရီးယား ၁၁၀ ဂရမ် ၆ ကျပ်သားနှုန်း ထည့်သွင်းပေးပါ။ ဒုတိယနှစ်တွင် တစ်ပင်လျှင် ယူရီးယား ၁၁၀ ဂရမ် ၆ ကျပ်သားနှုန်း ထည့်သွင်းပေးပါ။ ယူရီးယားကို ရက် ၃၀ ၊ ၇၅ ရက်၊ ရက် ၁၂၀ နှင့် ၁၆၅ ရက်ခြား၍ အကြိမ်ကြိမ်ခွဲ၍ ထည့်သွင်းပေးပါ။ပိုတက်ကို ၇၅ ရက်နှင့် ၁၆၅ ရက်ခြား၍ နှစ်ကြိမ်ခွဲထည့်သွင်းပါ။ ဓာတ်မြေသြဇာ ထည့်သွင်းခြင်းကို ငှက်ပျောဖူးမထွက်မီ စိုက်ပြီးငါးလမှ ခြောက်လအကြာတွင် အပြီးဆောင်ရွက်သင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များထံမှ သိရသည်။

**အမြစ်ထိခိုက်မှုမရှိစေရန်**

ပန်းတိုင်ထွက်နှုန်းရရှိမှုကို မထိခိုက်စေရန် အခြား သတိပြုရမည့်အချက်များမှာ ပေါင်းမြက်ရှင်းလင်းရာတွင် အမြစ်ထိခိုက်မှုမရှိစေရန် ဂရုစိုက်ဆောင်ရွက်ပေးခြင်း၊ မိုးရာသီတွင် ရေစိမ့်ဆင်းမှုကောင်းရန်နှင့် အပင်ခြေရေမဝပ်စေရန် အပင်ခြေကို မြေဖို့ပေးခြင်း၊ နွေရာသီနှင့် ဆောင်းရာသီတွင် အပင်များကိုရေပေးသွင်းခြင်း၊ သီးခိုင်ထွက်လာလျှင် အပင်ကို ဝါးဖြင့် ကျားကန်ထောက်ပေးခြင်း၊ နေလောင်ခြင်း၊ ဖုန်တင်ခြင်းမရှိစေရန်နှင့် အသီးအရောင်လှပစေရန် အပြာရောင် ပလတ်စတစ်အိတ်ဖြင့် စွပ်ပေးခြင်း၊ ခြောက်သွေ့ဆွေးမြည့်နေသည့် အရွက်များ၊ အပင်အစိတ်အပိုင်းများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ အသီးကြီးထွားရန် ငှက်ပျောဖူး (အဖိုဖူး) ကို ဖြတ်ပေးခြင်း၊ ဆီးနှင်းကျခြင်း၊ လေပူများပြင်းထန်စွာ တိုက်ခတ်ချိန်တွင် ငှက်ပျောပင်များ အနာတရမဖြစ်စေရန် လေကာပင်များ စိုက်ပျိုးခြင်း စသည့်လုပ်ငန်းတို့ကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နန်းထက်ထက်ချစ်**

# ငရုတ်သီးမှည့် ဈေးနှုန်းကျဆင်းခြင်းကြောင့် မလှောင်ထားနိုင်သည့် ငရုတ်စိုက်ပျိုးတောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

**ညောင်ဦး မတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငရုတ်စိုက်ပျိုးတောင်သူများ ငရုတ်သီးမှည့် ဆွတ်ခူးရောင်းချချိန် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ငရုတ်သီးမှည့် မလှောင်ထားနိုင်သည့် ငရုတ်စိုက်ပျိုးတောင်သူများ ချက်ချင်းရောင်းချရခြင်းကြောင့် ဈေးနှုန်းတွက်ခြေမကိုက် ဖြစ်နေသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုကျေးရွာများ၊ သူကောင်းတည်ကျေးရွာပတ်ဝန်းကျင်ကျေးရွာများ၊ သစ်ထောင့်အုပ်စုကျေးရွာများသည် ငရုတ်စိုက်ပျိုးခြင်းကို မြေအောက်ရေအသုံးပြုရေသွင်းစိုက်ပျိုးကြရာ ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြပြီး အသီးသီးနှုန်းလည်း ကောင်းမွန်ကြောင်း၊ ငရုတ်သီးဆွတ်ခူးရောင်းချချိန်



တစ်ပိဿာ ငွေကျပ် ၁၀၀၀မှ ၁၂၀၀ အထိ ရောင်းချရကြောင်း၊ စိုက်ပျိုးသည့် ငရုတ်မျိုးသည်လည်း အောက်ဆွဲသီး ငရုတ်မျိုးဖြစ်ကြောင်းသိရကာ ပေါင်ဖြင့် ပျိုးထောင်ပြီး ၁၅ ရက်သားရောက်လျှင် စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ကြကြောင်း၊ ရေသွင်းမြောင်းဖြင့် စိုက်ပျိုးကြခြင်းဖြစ်ရာ ရေသွင်းမြောင်းတစ်လျှောက် အတန်းလိုက်စိုက်ပျိုးကြကြောင်း သိရပြီး ငါးရက်တစ်ခါ ရေသွင်းစိုက်ပျိုးရကြောင်း၊ စိုက်ခင်းထဲ ရွှေ့ပြောင်းစိုက်ပျိုးပြီး တစ်လခန့်ကြာလျှင် အပွင့်ပွင့်ကာ အသီးသီးကြောင်း သိရသည်။ ငရုတ်စိုက်ပျိုးတောင်သူများသည် ငရုတ်သီးခူးဆွတ်ရောင်းချခြင်းကို ငရုတ်သီးမှည့်သာ ဆွတ်ခူးရောင်းချကြပြီး ပိဿာချိန်များများရချိန် ငွေလုံးငွေရင်းရရှိရန် အခြောက်လှန်း စုဆောင်းထားကာ တစ်စုတစ်ပြုံတည်း ရောင်းချမှသာ ငွေစုမိခြင်းကြောင့် ငရုတ်သီးမှည့်အများဆုံး ရောင်းချကြောင်းလည်း သိရသည်။ ငရုတ်သီးအစိမ်း ဆွတ်ခူးရောင်းချခြင်းကို လတ်တလော စားဝတ်နေရေးအတွက်သာ ဆွတ်ခူးရောင်းချကြောင်း၊ ငရုတ်မှည့်ဆွတ်ခူးချိန် ဆွတ်ခူးသူအများအပြား ငှားရမ်းဆွတ်ခူးရကြောင်း၊ ငရုတ်ဆွတ်ခူး တစ်ဦး တစ်မနက်လျှင် ငွေကျပ် ၂၀၀၀ ပေးရပြီး တစ်နေကုန်ငွေကျပ်၄၀၀၀ပေးငှားရကြောင်း ငရုတ်စိုက်တောင်သူတစ်ဦးက ရှင်းပြသည်။ ငရုတ်သီးမှည့် စတင်ဆွတ်ခူးရောင်းချချိန် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ ရောင်းချရသော်လည်း ယခုအခါ ငွေကျပ် ၄၅၀ နှင့် ၅၀၀ ဈေးသာ ရောင်းချနေရခြင်းကြောင့် မလှောင်ထားနိုင်သည့် ငရုတ်စိုက်တောင်သူများ ချက်ချင်းရောင်းချရခြင်းကြောင့် တွက်ခြေမကိုက်ဖြစ်နေကြပြီး လှောင်ထားသည့် ငရုတ် စိုက်တောင်သူများ ဈေးကောင်းချိန်မှ ထုတ် ရောင်းမည်ဖြစ်ကြောင်း ငရုတ်စိုက်တောင်သူ ဦးဝင်းတင့်က ရှင်းပြသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မင်းဘူး(စကု)မြို့နယ်တွင် ကုလားပဲသီးနှံများ စိုက်ပျိုး ဖြစ်ထွန်း

**မင်းဘူး မတ် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာမှ တောင်သူများသည် ကုလားပဲသီးနှံများ စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဥယျာဉ်ဇင်ကျေးရွာ ကုလားပဲစိုက် တောင်သူများထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်သည် ကျေးရွာအုပ်စုပေါင်း ၆၈ အုပ်စု ကျေးရွာပေါင်း ၁၅၀ နှင့် မြေကေပေါင်း ၆၀၅၃၄ ဒသမ ၆၆ ဧကရှိကာ ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး အချို့ကျေးရွာများရှိ တောင်သူများက ဥယျာဉ်ခြံမြေများအဖြစ် ပြုစုပျိုးထောင်ကြ၍ သီးပင်စားပင်မျိုးစုံနှင့် နှစ်ရှည်ပင်များဖြစ်သည့် သရက်၊ လျှော်ဖြူ၊ သနပ်ခါး၊ ဆီးပင်များ စိုက်ပျိုးပြီး တချို့တောင်သူများကလည်း နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်များ တွဲဖက်မွေးမြူကြကြောင်း သိရသည်။

“ကျွန်တော်တို့ ဥယျာဉ်ဇင်ကျေးရွာကတော့ မုန်းဆည်ကို အမှီပြုပြီး စိုက်ပျိုးကြသူတွေရှိသလို မြေအောက်ရေ တူးဖော်ပြီး စိုက်ကြသူတွေလည်း ရှိပါတယ်။ အခုလို ဆောင်းတွင်းကာလရဲ့ အအေးဓာတ်နဲ့စိုက်ပျိုးထားတဲ့ သီးနှံတွေကတော့ မြေပွပြီး အောက်ခံမှာ အစိုဓာတ်နည်းနည်းနဲ့ အအေးဓာတ်ရှိနေရင် သီးနှံပင်တွေ ဖြစ်ထွန်းပါတယ်။ ကျွန်တော်တို့ အလယ်ပိုင်းဒေသက အပူများတယ်ဆိုပေမယ့် ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်း စတဲ့သီးနှံတွေတော့ စိုက်လို့ရပါတယ်။ အဲဒီစိုက်ခင်းတွေ နောက်ကျသွားလည်း ကိစ္စမရှိဘူးလေ။ သူတို့က တပို့တွဲ၊ တပေါင်းမှ သီးနှံတွေ ပေါ်ကြတာပါ” ဟု ဥယျာဉ်ဇင်ကျေးရွာမှ ကုလားပဲစိုက်တောင်သူ ဦးထွန်းမြင့်က ပြောသည်။


ဥယျာဉ်ဇင်ကျေးရွာမှ တောင်သူများသည် သီးနှံမျိုးစုံ စိုက်ပျိုးထားကြပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်၊ မြေပဲ၊ ဖူးစားပြောင်း၊ နံနံ၊ ဘူး၊ ခရမ်းပင်နှင့် ကုလားပဲများ စိုက်ပျိုးထားကြကြောင်း သိရပြီး ကုလားပဲသီးနှံများသည် လက်ရှိတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ဈေးရှိကာ အပင်များလည်း ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာအုပ်စု၊ ဇယန်းကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၈၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၇)ရက်၊ (၅-၃-၂၀၂၁)၊ သောကြာနေ့ နံနက် (၀၉:၂၅) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**



## နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာအုပ်စု၊ ဇယန်းကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ဇယ်တုန်ဟုန်းကျေးရွာ၊ ခမည်းတော် ဦးဘငြိမ်း၊ မယ်တော် ဒေါ်ရွှေကြိမ်းတို့မှ ၁၂၈၉-ခုနှစ်၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၉-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ နမ့်ဆန်မြို့နယ်၊ ဇယ်တုန်ဟုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာသဝကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀-ခုနှစ်၊ နယုန် လဆန်း(၈)ရက်နေ့တွင် ယင်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တအာသဝကို ဥပဇ္ဈာယ်ပြု၍ ဦးပေါ်ပွင့်+ဒေါ်အန့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် နမ့်ဆန်မြို့နယ်၊ ဘုရားကြီးအုပ်စု၊ ဇယ်ဘန်ကောက်ကျောင်းဆရာတော် ဘဒ္ဒန္တသြဝါဒ၊ ဇယန်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာ (သီဟိုဠ်ပြန်)၊ မန္တလေးမြို့၊ အလ္လကပ္ပတိုက်ဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓဉာဏ တို့ထံတွင် ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက်သင်ယူ ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်ဆရာတော်အဖြစ်လည်းကောင်း၊ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း ၂၀၁၄-ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၈၂-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက်၊ (၅-၃-၂၀၂၁)၊ သောကြာနေ့ နံနက်(၀၉:၂၅)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# မိုင်းယောင်း၌ မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်လျက်ရှိ

**မိုင်းယောင်း မတ် ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးအသစ် ဆောက်လုပ်လျက်ရှိသည်။

အာစီစီနှစ်ထပ် အမျိုးအစား အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိသော အဆိုပါရုံးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၈ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။



မိုင်းယောင်းမြို့နယ်ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း၊ အန္တရာယ်ရှိကျောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း၊ KG ကျောင်းဆောင် တည်ဆောက် ခြင်း၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ စာကြည့်တိုက်အသစ်ဆောက်လုပ်ခြင်း၊ ရုံး အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း၊ မပြီးပြတ်သေးသော ကျောင်းဆောင်များ အပြီးသတ် ဆောက်လုပ်ခြင်း စသည့်တည်ဆောက်ရေးလုပ်ငန်း ၃၀ အတွက် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၁၂ ဒသမ ၃၃၈ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# ကောလင်းမြို့နယ်တွင် လယ်ယာမြေဧက ၆၀၀ အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်

**ကောလင်း မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပေကုန်းကျေးရွာရှိ လယ်ယာမြေဧက ၆၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီ ရောက်ရှိစေရေးရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိကြောင်း ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ပေကုန်းကျေးရွာကုန်ထုတ်လမ်းမှာ အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ ထု မြေသား ၂ ပေ ဂျင်း ၉ လက်မခင်းခြင်းလုပ်ငန်းနှင့် အချင်း ၃ ပေ၊ အရှည် ပေ ၂၀ ရှိ Pipe Culvert သုံးခု တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၃ သန်းဖြင့်တင်ဒါအောင်မြင်သော ကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မျိုးက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအား ကောလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မျိုး၊ ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ တွေ့ဆုံကာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားကြောင်း သိရသည်။ **ငြိမ်းသူ**




## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။

လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

* *ကျောဖုံးမှ*


မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ကိုင်ဆောင်အသုံးပြုနေသည့် အဓိကရုဏ်းနှိမ်နင်းရေးခဲယမ်းများ၊ ချေမှုန်းရေးခဲယမ်းများ၏ ကျည်ထိပ်ဖူးနှင့် ကွာခြားမှုရှိနေကြောင်း တွေ့ရှိရသည်။

အခင်းဖြစ်ပွားချိန်က တာဝန်ကျလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များသည် လူစုလူဝေးနှင့် မျက်နှာချင်းဆိုင်အနေအထားၖ် နေရာယူထားခြင်းဖြစ်သော်လည်း သေဆုံးသူ အမျိုးသမီးဦးခေါင်း၌ ရရှိထားသည့် ဒဏ်ရာမှာ ဦးခေါင်းနောက်စေ့တွင်ဖြစ်ခြင်း၊ တွေ့ရှိရသည့် သတ္တုအစိတ်အပိုင်းမှာ ဒသမ ၃၈ ကျည်ဖြင့် ထည့်သွင်းပစ်ခတ်နိုင်သော ပွိုင့်တာသေနတ်ဖြင့် ပစ်ခတ်နိုင်သည့် ခဲယမ်းအမျိုးအစားဖြစ်သည်ကို တွေ့ရှိရခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပဋိပက္ခပိုမိုကြီးထွားလာစေရန် လုပ်ကြံဖန်တီးမှုဖြစ်နိုင်ကြောင်း သုံးသပ်ရရှိ၍ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူများအား ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သေဆုံးသူ၏ ဦးခေါင်းတွင်တွေ့ရသော အလျား ၁ ဒသမ ၂ စင်တီမီတာ၊ အနံ ၀ ဒသမ ၇ စင်တီမီတာခန့်ရှိ ခဲဟုယူဆရသော အစိတ်အပိုင်းတစ်ခုအား တွေ့ရစဉ်။



ဒသမ ၃၈ ကျည်ဖြင့် ထည့်သွင်းပစ်ခတ်နိုင်သော ပွိုင့်တာသေနတ်အား တွေ့ရစဉ်။


# မိဘပြည်သူများ စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

နေပြည်တော် မတ် ၆

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်။




ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နေ့ညမပြတ် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်း သတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## ရပ်ကွက်တွင်းက အကြမ်းဖက်မှုတွေကို အရေးယူဆောင်ရွက်ပေးစေလို

**သို့**

**အယ်ဒီတာရှင့်–**

ကျွန်မက အသက်လည်းကြီးပါပြီ။ ပင်စင်လေးရလို့ ပင်စင်လစာလေးနဲ့ တရားအားထုတ်ရင်း ဘဝကိုအေးချမ်းစွာ ဖြတ်သန်းနေခဲ့တာပါ။ ၁၉၈၈ အရေးအခင်းကာလကိုလည်း ကြုံခဲ့ဖြတ်သန်းခဲ့ဖူးပါပြီ။ ဝန်ထမ်းတစ်ယောက်ဆိုတော့ အခြေအနေတွေကို ကောင်းကောင်းနားလည်ခဲ့ပါတယ်။

ဆူပူမှုတွေ၊ ဆန္ဒပြမှုတွေဟာ ငြိမ်းချမ်းမှုမရနိုင်ဘူးဆိုတာကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီးပါပြီ။ ဒါပေမယ့် မတူတာက ဟိုအချိန်နဲ့အခုပါ။ ဟိုတစ်ချိန်ကတော့ အခြေအနေတွေကြောင့် နေရာတိုင်းမှာ မငြိမ်းချမ်းဘဲ ကျီးလန့်စာစားဘဝနဲ့နေခဲ့ရဖူးပါပြီ။ ဒါကြောင့်မို့ ငြိမ်းချမ်းမှု၊ အေးမြမှုတွေကို လိုချင်ပါတယ်။

နေ့စဉ်နဲ့အမျှ ကျွန်မတို့ရပ်ကွက်ထဲမှာ နေ့ဆိုရင် ဆူပူအော်ဟစ်ဆန္ဒပြကြတယ်၊ လူတွေ လမ်းသွားလို့မရအောင် ကျောက်တုံးတွေ၊ တုတ်တွေအပြင် ရရာပစ္စည်းတွေနဲ့ လမ်းထိပ်တွေမှာ ပိတ်တယ်။ အပြင်ထွက်ပြီး လိုအပ်တာလေး ဝယ်ဖို့သွားတဲ့ ကျွန်မသားတွေ၊ သမီးတွေဆိုရင် တစ်ရပ်ကွက်တည်းသားချင်း သူတို့ထက်ငယ်တဲ့ ကလေးတွေက ဘယ်လဲ၊ ဘာလဲဆိုပြီး ရန်ရှာသလို၊ ရန်လိုသလို ပြုမူဆက်ဆံတာကိုလည်း ငြိမ်ခံနေရပါတယ်။ သူတို့က အုပ်စုဖွဲ့ပြီး ရမ်းကားနေလို့ပါ။

ညဘက်ဆိုရင်လည်း သံပုံးတွေတီးလို့ ဆူညံသံတွေနဲ့ နှလုံးရောဂါရှိတဲ့သူဆိုရင် တော်တော်ခံစားရမှာပါ။ ဆန္ဒပြသူတွေမှာ ကိုယ်ချင်းစာစိတ် လုံး၀(လုံး၀) ကိုမတွေ့ရပါဘူး။ ဒီလိုသာ နေ့စဉ်ရက်ဆက်နဲ့ လွှတ်ထားမယ်ဆိုရင် ကျွန်မတို့ရဲ့ နေ့စဉ်ဖြတ်သန်းနေရတဲ့ ဘဝတွေက ဘယ်လိုမှ ငြိမ်းချမ်းမှာမဟုတ်လို့ ဒီလိုအကြမ်းဖက်မှုတွေကို အမြန်ဆုံး အရေးယူဆောင်ရွက်ပေးစေလိုပါတယ်ရှင့်။

**ငြိမ်းချမ်းစွာနေထိုင်လိုတဲ့ ပြည်သူတစ်ဦး**

## သီးနှံမျိုးစုံစိုက်တောင်သူများ အခက်အခဲကြုံတွေ့နေ

**သို့**

**အယ်ဒီတာခင်ဗျား–**

ယခုလို အချိန်အခါမျိုးတွင် နိုင်ငံတစ်ဝန်း ဆူပူမှုများကြောင့် ကျွန်တော်တို့ သီးနှံမျိုးစုံစိုက်တောင်သူများမှာ အခက်အခဲမျိုးစုံကြုံတွေ့နေပါသည်။ ရာသီပေါ် သီးနှံများဖြစ်သည့် မုန်လာထုပ်၊ ပန်းမုန်လာ၊ အာလူး၊ ကြက်သွန်၊ ခရမ်းသီးနှင့်ခရမ်းချဉ် စသည့် ရာသီပေါ်သီးနှံများ ရင့်မှည့်ရောင်းချချိန်လည်း ဖြစ်ပါသည်။ ယခုအချိန်တွင် ဆူပူဆန္ဒပြမှုများပြုလုပ်နေသူများကြောင့် ကုန်တင်ကားများ သွားလာရခက်ခဲခြင်း၊ ကားလမ်းများပိတ်ခြင်းနှင့် ဈေးများပိတ်ခြင်းတို့ကို အကြောင်းပြကာ ကုန်သည်ပွဲစားများက ဈေးနှုန်းချဈေးနှိမ်ဝယ်ယူခြင်းတို့ကြောင့် တောင်သူများ အရှုံးပေါ်လျက်ရှိပါသည်။ သုံးလတစ်ကြိမ်သာပေါ်သော သီးနှံများကို အားကိုးကာ မိသားစုစားဝတ်နေရေးအတွက် အဓိကဖြေရှင်းနေရပါသည်။

သီးနှံများ စိုက်ပျိုးရာတွင် မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူမှုဈေးကြီးခြင်း၊ အလုပ်သမားခ ပေးချေမှုများခြင်းတို့ကြောင့် သီးနှံပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်ထားကြသော်လည်း အမြို့မြို့ အနယ်နယ်တွင် လမ်းပေါ်ထွက် ဆူပူဆန္ဒပြသူအချို့ကြောင့် ကားလမ်းများ ပိတ်ဆို့ခြင်း၊ ဈေးများ ပိတ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

ထိုအခက်အခဲများကြောင့် သယ်ယူပို့ဆောင်ရေးတွင် ကားခများဈေးနှုန်းတက်ခြင်း၊ စက်သုံးဆီများ ဈေးတက်ခြင်းနှင့် အလုပ်သမားခများကြီးမြင့်ခြင်းတို့ ကြုံတွေ့နေရပြီး တောင်သူများမှာ စိုက်ပျိုးရေးတွင် ရင်းနှီးထားသလောက် ပြန်မရသဖြင့် အခက်တွေ့နေလျက်ရှိပါသည်။ ထို့ကြောင့် ကျေးလက်နေတောင်သူများ၏ စိုက်ပျိုးသီးနှံများ ပုံမှန်ဈေးဖြင့် ရောင်းချနိုင်ရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေးအတွက် နိုင်ငံအတွင်း အများပြည်သူ သွားလာရာတွင် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် ကားလမ်းပိတ်ဆို့ ဆူပူဆန္ဒပြသူများအား လိုအပ်သလို တားဆီးဆောင်ရွက်ပေးနိုင်ရန် အယ်ဒီတာ့ထံ ပေးစာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

**သီးနှံစိုက်တောင်သူများ**

# ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် မတ် ၆**

ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပွဲ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မော်လမြိုင်မြို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး ကောင်စီဝင်များက ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပွဲ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကာ တက်ရောက်လာကြသောဌာနဆိုင်ရာများကကျိုက်သလွံစေတီတော်မြတ်ကြီးအတွက် မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကောင်စီဝင်များနှင့် ဌာနဆိုင်ရာများက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး ကျိုက်သလွံစေတီတော်မြတ်ကြီး ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မတ်လစတုတ္ထပတ်တွင် တင်လှူပူဇော်မည်ဖြစ်သည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့် ဌာနဆိုင်ရာများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ခြင်း အခမ်းအနားနှင့် (၄၇)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပ နိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့က ရခိုင်ဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များအား ရိက္ခာပစ္စည်းများထောက်ပံ့

**စစ်တွေ မတ် ၆**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က ရခိုင်ဒေသတွင် ရေ့တန်း တာဝန်ထမ်းဆောင်ခဲ့သော အမှတ်(၇) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များအား ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စစ်တွေမြို့ အမှတ်(၃၆) ရဲတပ်ရင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




**အေးချမ်းသာယာလာ**

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ဝန်ထမ်းတစ်ဦးအနေဖြင့် အထက်ကပေးအပ်လာသော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခြင်းသည် အမြင့်မြတ်ဆုံး၊ ဂုဏ်သိက္ခာအရှိဆုံး အလုပ်ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့ ပြည်နယ်ကို လာရောက်ပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ရခိုင်ပြည်နယ်သည်လည်း အခြေအနေတစ်ခုအထိ အေးချမ်းသာယာလာသည်ကို တွေ့မြင်နိုင်ကြောင်း၊ ထို့ကြောင့် ပြည်နယ်သူ ပြည်နယ်သားများ ကိုယ်စားအထူးပင် မှတ်တမ်းတင်ဂုဏ်ယူကြောင်းနှင့် ထပ်မံ၍လည်း တာဝန်ကျရာ ဒေသများတွင် မိမိတို့တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ အမှတ်(၇) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မျိုးသန့်က လက်ခံယူသည်။

ယင်းနောက်ထောက်ပံ့ပစ္စည်းများကို ခေတ္တဗျူဟာစစ်ရေးယာဉ်စုမှူး၊ ယာယီဗိုလ်မှူးကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ပေးအပ်ကြရာ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှတာဝန်ရှိသူများက လက်ခံယူကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည် တတ်ကျွမ်းသောပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်းစသည့် အန္တရာယ်ရှိသည့်အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီစသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြု ပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကား သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦးသယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ် ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာမှ မြောက်မုန်းမြောင်းမကြီးကိုဖြတ်သည့် သံကူကွန်ကရစ်တံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

**ပွင့်ဖြူ မတ် ၆**

ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကျေးရွာအနီးရှိ မြောက်မုန်းမြောင်းမကြီးကိုဖြတ်ကူးသည့် သံကူကွန်ကရစ်တံတားတစ်စင်းကို ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။



ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားသော သံကူကွန်ကရစ်တံတားသစ်။

ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာတွင် ရွာလယ်ချောင်းရှိသည့်အတွက် ကျေးရွာ၏ အရှေ့ပိုင်းရှိ အိမ်ထောင်စု ၂၅၀ ခန့်မှာ နှစ်စဉ် မိုးတွင်းကာလတွင် သွားလာရေး အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ဒေသခံပြည်သူများ ရာသီမရွေး သွားလာရေး အဆင်ပြေစေရန်နှင့် ဒေသထွက်ကုန်စည်များကို ကူးသန်းရောင်းဝယ်သည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အတွက် ကျေးရွာအနီးရှိ မြောက်မုန်းမြောင်းမကြီးတွင် သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ပေးပါရန် ကျေးရွာနေပြည်သူများက တင်ပြတောင်းခံလာသဖြင့် ယခု ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၉၉ သန်းဖြင့် မြောင်းမကြီးကို ဖြတ်သော အရှည် ၇၅ ပေ၊ အကျယ် ၁၄ ပေရှိ သံကူကွန်ကရစ် တံတားတစ်စင်းကို ၂၀၂၀ ဒီဇင်ဘာ ၁၅ ရက်က စတင်တည်ဆောက်ပေးခဲ့ရာ သတ်မှတ်ကာလဖြစ်သည့် ၂၀၂၁ ဖေဖော်ဝါရီလ ဒုတိယပတ်အကုန်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

ယခုအခါ အဆိုပါ သံကူကွန်ကရစ်တံတားသစ် တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ကျောင်းကုန်းကြီးကျေးရွာ အရှေ့ပိုင်းရှိ အိမ်ထောင်စု ၂၅၀ ခန့်မှ ပြည်သူများအနေဖြင့် မြို့ပြနှင့် ကျေးလက် ရာသီမရွေး အဆင်ပြေစွာ ကူးလူးဖြတ်သန်း သွားလာနိုင်မည့်အပြင် ကျေးရွာနေပြည်သူများ အဓိက စီးပွားဖြစ်လုပ်ကိုင်နေကြသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာ အကျိုးပြုနိုင်မည်ဖြစ်သည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်

**လေးမျက်နှာ မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေပေးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်နေသော ရေရရှိရေးလုပ်ငန်းများမှာ ညောင်ဝိုင်းကျေးရွာနှင့် ဝက်ကုန်းကျေးရွာတွင် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ပေ ၂၀ ရှိ အမြင့်တင်ရေစင် တစ်ခုစီ တည်ဆောက်ခြင်း၊ ဥယျာဉ်ကုန်းကျေးရွာနှင့် သခင်ဖိုးလှကြီးကျေးရွာတို့တွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေလှောင်ကန် နှစ်ကန် တည်ဆောက်ခြင်း လုပ်ငန်းများဖြစ်ကာ ယင်းလုပ်ငန်းများကို ရန်ပုံငွေ ကျပ် ၄၉ ဒသမ ၆၆ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးစိုးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို မှာကြားခဲ့သည်။

**ဝေဝေ(လေးမျက်နှာ)**

# နွေရာသီ အိုင်ကီဒိုနှင့် ကရာတေးဒို သင်တန်းဖွင့်လှစ်

**မောင်တော မတ် ၆**

ရခိုင်ပြည်နယ် မောင်တောမြို့တွင် နွေရာသီ အိုင်ကီဒိုနှင့် ကရာတေးဒို သင်တန်းကို မတ် ၅ ရက် ညနေပိုင်းက မြို့မကျောင်းတိုက်၌ ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် နာယက ဆရာကြီး ဦးဦးခင်မောင်က ကရာတေး ပညာရပ်သည် ၁၇ ရာစုခန့်ကပင် ပေါ်ပေါက်ခဲ့ပြီး မောင်တောမြို့နယ်တွင်လည်း ၁၉၇၁ ခုနှစ်မှစ၍ သင်ကြားပို့ချပေးခဲ့ကြောင်း အမှာစကားပြောကြားကာ ကရာတေးပညာရပ်ဆိုင်ရာ အတွေ့အကြုံနှင့် ဗဟုသုတများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဆရာ ဦးထွန်းထွန်းအောင်က သင်တန်းမှ သင်ကြားပို့ချမည့် သင်ခန်းစာများအကြောင်းနှင့် တက်ရောက်သင်ကြားမည့် သင်တန်းသား သင်တန်းသူများ အနေဖြင့်လည်း သင်တန်းမှ ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို အခြေခံအဆင့်နှင့် တန်းမြင့်အဆင့်ဟု နှစ်ဆင့်ခွဲ၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အခြေခံအဆင့်တွင် ၁၂ ဦးနှင့် တန်းမြင့်အဆင့်တွင် ၁၈ ဦး စုစုပေါင်း ၃၀ တက်ရောက်သင်ကြားကြောင်း၊ သင်တန်းကို မြို့မအားကစားကွင်းတွင် သင်တန်းနည်းပြ ခုနစ်ဦးဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာ နှစ်လဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ် ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငါ့သရောက်မြို့နယ်တွင် ထန်းလျက်များ ပေါ်ဦးပေါ်ဖျားဖြစ်သော်လည်း ပုံမှန်ဈေးဖြင့်သာ ရောင်းချနေရ

**ငါ့သရောက် မတ် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် ထန်းရာသီ စတင်နေပြီဖြစ်သော်လည်း ပေါ်ဦးပေါ်ဖျား ထန်းလျက်များမှာ ဈေးကောင်းမရဘဲ ပုံမှန်ဈေးဖြင့်သာ ရောင်းချနေရကြောင်း ငါ့သရောက်မြို့နယ် ထန်းပေါက်ကုန်းကျေးရွာမှ ထန်းတောင်သူအချို့ထံမှ သိရသည်။

လက်ရှိအချိန်တွင် ပေါ်ဦးပေါ်ဖျား ထန်းလျက်များကို ပုံမှန်ဈေးနှုန်းဖြစ်သည့် တစ်ပိဿာလျှင် ကျပ် ၁၃၀၀ ဈေးနှုန်းဖြင့်သာ ရောင်းချနေရကာ ပြီးခဲ့သောနှစ်က ပေါ်ဦးပေါ်ဖျားထန်းလျက်မှာ ကျပ် ၁၈၀၀ ခန့် ဈေးရရှိခဲ့ကြောင်း၊ ပေါ်ဦးပေါ်ဖျား အချိန်မှာပင် ဈေးနှုန်းကျဆင်းနေလျှင် ထန်းလျက်လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းများမှာ ယခုထက်ပို၍ ကျဆင်းနိုင်ကြောင်း ဒေသခံ ထန်းတောင်သူများနှင့် ထန်းလျက်လုပ်ငန်း လုပ်ကိုင်သူများက ပြောသည်။



ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများမှာ တစ်ချိန်က ထန်းတက်လုပ်ငန်းကို အဓိကထား လုပ်ကိုင်ခဲ့ကြသော်လည်း ခေတ်ကာလ ပြောင်းလဲလာခြင်းနှင့် သကြားဈေးနှုန်း လျော့ကျမှုကို မလိုက်နိုင်ခြင်းကြောင့် ထန်းလျက်ဈေးကွက် ပျက်လာခဲ့ပြီး ထန်းတောင်သူများမှာလည်း ရေကြည်ရာ မြက်နုရာ ပြည်ပထွက် အလုပ်လုပ်ကိုင်မှု များပြားလာခဲ့ရာ လက်ရှိအချိန်တွင် ထန်းတောင်သူဦးရေမှာ ယခင်ဦးရေ၏ တစ်ဝက်ခန့်ပင် မရှိတော့ကြောင်း ထန်းပေါက်ကုန်းကျေးရွာမှ တောင်သူ ဦးစိုးဝင်းက ပြောသည်။

ငါ့သရောက်မြို့နယ်တွင် ထန်းတောင်သူများ အနေဖြင့် ထန်းတက်ရန် ထန်းပင်ပြင်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ၊ ဖေဖော်ဝါရီလတို့တွင် စတင်လုပ်ဆောင်ကြပြီး ထန်းနှင့်ပတ်သက်၍ လိုအပ်သော ပစ္စည်းအသုံးဆောင်များဖြစ်သည့် ထန်းဆွဲမြူအိုး၊ ထန်းဆွဲမြူအိုးဆွဲကြိုး၊ ယင်းထောင်(လှေကား)၊ ယင်းဆွဲ၊ ထန်းလှီးအိမ်၊ ထန်းလှီးဓား၊ ထန်းလျက်လုပ်ရန် မိုးဖြဲဒယ် လေးလုံးမှ ခြောက်လုံး၊ ထန်းလျက်ဖိုများနှင့် ထန်းလျက်ကျိုချက်ရန် လောင်စာများကိုလည်း ကြိုတင်စုဆောင်းရကာ ထန်းလျက်ချက်သည့် လုပ်ငန်းသည် အိမ်ရှိလူကုန်ပင်ပန်းသော်လည်း ဈေးကွက်အနေအထားအရ အကျိုးအမြတ်နည်းပါးနေကြောင်း သိရသည်။ **အေးအေးမိုး(ငါ့သရောက်)**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေးထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၆ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မဲရုံပေါင်း ၂၉၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၆၅၂၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၄၃၅၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၂၁၆၆၊ မြေပြင်လက်ကျန် ၇၀၅၁၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ အလိုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၇၆၉၀၀ | ၂၀၁၈၀၈ | ၇၅၀၈၂ | ၆၃၄၂၇ | ၁၂၆၁၂ | ၉၅၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၅၄၀ | ၂၅၄၀ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၇၀၈၄ | - | ၇၀၈၄ | ၇၀၈၄ | - | - |
| စုစုပေါင်း | | ၂၈၆၅၂၄ | ၂၀၄၃၅၈ | ၈၂၁၆၆ | ၇၀၅၁၁ | ၁၂၆၁၂ | ၉၅၇ |

စာမျက်နှာ ၈ ကော်လံ ၁ ❑

## COVID -19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၇၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၀,၉၀၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၂၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၆၅၈) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၈ ကော်လံ ၂ ○

## မန္တလေးမြို့ ၈၄ လမ်းနှင့် ၃၀ လမ်း၊ အဓိကရုဏ်းဖြစ်စဉ်တွင် မကြယ်စင် (ခ) မကျားရှု (၁၉)နှစ် သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် မတ် ၆**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၄ လမ်းနှင့် လမ်း ၃၀ လမ်းမပေါ်၌ မတ် ၃ ရက်က လူစုလူဝေးဖြင့်ပိတ်ဆို့ဆန္ဒပြနေသည့် လူအုပ်စုအား တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲပေးရန် အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့သော်လည်း လူစုခွဲခြင်းမပြုသည့်အပြင် အကြမ်းဖက် ရန်းရင်းဆန်ခတ်မှုများကိုပါ ပြုလုပ်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနည်းဆုံးအင်အားအနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲမှုကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လူစုလူဝေးဖြင့် အကြမ်းဖက် ရန်းရင်းဆန်ခတ်မှုပြုလုပ်စဉ်အတွင်း အမျိုးသမီးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးခဲ့ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေမှုသေခင်းရေးဖွင့်ပြီး စုံစမ်းစစ်ဆေးနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း သေဆုံးသူနှင့်သက်ဆိုင်သူများက အလောင်းကို စစ်ဆေးခွင့်မပြုခဲ့ဘဲ ၎င်းတို့၏သဘောအလျောက် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေဆုံးမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးနိုင်ရေးအတွက်သေဆုံးသူ၏အလောင်းအား ဆရာဝန်ဖြင့် ခွဲစိတ်စစ်ဆေးရန် လိုအပ်သဖြင့် သေဆုံးသူ၏ဖခင်ထံ ခွင့်ပြုချက်တောင်းခံပြီး မတ် ၅ ရက်တွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တရားသူကြီးနှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်များသည် သက်သေများနှင့်အတူ တရားသူကြီး၏ ခွင့်ပြုမိန့်ဖြင့် သေဆုံးသူ၏အလောင်းအား အုတ်ဂူမှ ပြန်လည်တူးဖော်၍ အသေးစိတ် ခွဲစိတ်စစ်ဆေးခဲ့ရာ ရရှိခဲ့သောဒဏ်ရာမှာ ဦးခေါင်းဝဲဘက်နားရွက်နောက် ဖောက်ဝင်ခြင်းဖြစ်ပြီး ဦးနှောက်အတွင်း ကပ်နေသည့် အလျား ၁ ဒသမ ၂ စင်တီမီတာ၊ အနံ ၀ ဒသမ ၇ စင်တီမီတာခန့် အရွယ်အစားရှိ ခဲသတ္တုအစိတ်အပိုင်းတစ်ခုကို တွေ့ရှိရပြီး ယင်းတွေ့ရှိရသည့် ခဲသတ္တုအစိတ်အပိုင်းသည်

စာမျက်နှာ ၂၇ ကော်လံ ၁ ✻

## ဘန်လေနှင့် အာဆင်နယ်တို့ တစ်မှတ်စီခွဲယူ



တိုက်စစ်မှူး အူဘာမီယန် ကန်သွင်းသော ဘောလုံး ဘန်လေဂိုးအတွင်းဝင်သွားစဉ်။

ယခုတစ်ပတ် ပရီမီယာလိဂ် ပွဲစဉ်(၂၈)အဖြစ် ဘန်လေနှင့် အာဆင်နယ်တို့၏ပွဲကို မတ် ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဘန်လေက ၄-၄-၂ ကစားကွက်ဖြင့် အာဆင်နယ်ကို ယှဉ်ပြိုင်ခဲ့ပြီး အာဆင်နယ်ကလည်း ၄-၂-၃-၁ ကစားကွက်ဖြင့် အူဘာမီယန်ကို အထောင်တိုက်စစ်နေရာထားကာ အနိုင်ရရှိရေး ယှဉ်ပြိုင်ခဲ့သည်။ ပွဲစပြီး ခြောက်မိနစ် အကြာတွင် အာဆင်နယ်တို့ အဖွင့်ဂိုးရရှိခဲ့ပြီး တိုက်စစ်မှူး အူဘာမီယန်က သွင်းယူပေးသည်။

ဂိုးပေးလိုက်ရသည့် ဘန်လေတို့အနေဖြင့် အိမ်ကွင်းကစားအားဖြင့် ချေပဂိုးသွင်းနိုင်ရေး တုံ့ပြန်ကစားနိုင်မှုကြောင့် ပွဲချိန် ၃၉ မိနစ်တွင် တိုက်စစ်မှူး ခရစ်ဝုဒ်က ဘန်လေအတွက် ချေပဂိုးသွင်းယူပေးသည်။ ပထမပိုင်းပြီးသည်အထိ ဂိုးထပ်မံမသွင်းနိုင်ဘဲ တစ်ဖက်တစ်ဂိုးစီ ဖြစ်ခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရေး အပြန်အလှန် ထိုးဖောက် ကစားခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် ဘန်လေ ဂိုးစည်းအတွင်း လက်ထိသော်လည်း အာဆင်နယ်တို့ ပယ်နယ်တီ မရရှိခဲ့ပေ။ ၈၁ မိနစ်တွင်လည်း အာဆင်နယ် ကစားသမား၏

စာမျက်နှာ ၁၁ ကော်လံ ၅ ◆

## ကိုဗက်အစီအစဉ်မှ ကာကွယ်ဆေး ၂ ဒသမ ၂ သန်းကို အီသီယိုပီးယားနိုင်ငံ လက်ခံရရှိမည်

စာ-၁၃

## ကာကွယ်ဆေး တိုးတက်ထုတ်လုပ်ဖို့ အစ္စရေး၊ ဒိန်းမတ်နဲ့ ဩစတြီးယားတို့ သုံးနိုင်ငံ မိတ်ဖက်အဖွဲ့အစည်း ထူထောင်လိုက်ပြီ

စာ-၁၄